မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၄)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၂၅-၈-၂၀၂၄၊ တနင်္ဂနွေနေ့ ။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်)ပြိုင်ပွဲနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေးပွဲသို့ တက်ရောက်



နေပြည်တော် ဩဂုတ် ၂၄

Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်)ပြိုင်ပွဲနှင့်ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေးပွဲကို ယနေ့ နံနက်၉နာရီကနေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)တွင် ဆုရရှိသော ဗီဒီယိုဖိုင်များကိုပြသသည်။

ထို့နောက် ပထမဆုရရှိသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မမြတ်ရွှေစင်မှူး၊ ဒုတိယဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ပြည်ငြိမ်းအောင်၊ တတိယဆုရရှိသော ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ နှစ်သိမ့်ဆုရရှိသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး)မှ မောင်ကောင်းခန့်တင်ကျော်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှ မောင်စောဇင်လင်းထက်နှင့် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများအား ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ယခု ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဗီဒီယိုဖိုင်ကို Cyber Security Brunei က တာဝန်ယူ ဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2024 တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများတက်ရောက်ခဲ့ကြပြီး Myanmar Cyber Security Challenge ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

Myanmar Cyber Security Challenge ပြိုင်ပွဲသို့ တပ်မတော် နည်းပညာတက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပညာ တက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများမှ အသင်း ၂၅ သင်း၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ U_SH3LL အသင်းက ပထမ၊ mm_cyb3r_s4g3 အသင်းက ဒုတိယနှင့် Cryptoknights အသင်းက တတိယရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါအကန့်အသတ်ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၈) ကြိမ်မြောက် ကျင်းပနိုင်ခြင်း ဖြစ်ကြောင်းနှင့် ပြိုင်ပွဲမှ အနိုင်ရထူးချွန်သူများအား အာဆီယံဒေသတွင်း နိုင်ငံများတွင် ကျင်းပသည့် ဆိုက်ဘာလုံခြုံရေး ဆိုင်ရာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၄ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း

မသိမဖြစ်သော လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှု အန္တရာယ် (ဆောင်းပါး) စာမျက်နှာ ၆

ဆက်ဗန်ဒန်ဘတ်ချ်အား ဘရန်ဖို့ဒ်အသင်း ခေါ်ယူ စာမျက်နှာ ၁၁

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိ

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်မှစ၍ နေကြာသီးနှံ ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခဲ့ရာ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအတွက် ချေးငွေများထောက်ပံ့ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် နေကြာသီးနှံ ဧကသုံးသန်း တိုးချဲ့စိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းထုတ်ဝါများမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် ယခင်ကစိုက်ပျိုးခဲ့သည့် ဝါသီးနှံစိုက်ပျိုးဧရိယာပြည့် ဧက ခုနစ်သိန်း ပြန်လည်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး ပြည်နယ်များအနေဖြင့် ဧရိယာအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံအမျိုးအစား ခွဲခြားစိစစ်ပြီး စိုက်ပျိုးမြေဧရိယာစာရင်းဇယားအမှန်ကို ပြန်လည်စိစစ်ရန်လိုကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံး ကွက်ပြည့်စိုက်ပျိုးလုပ်ကိုင်နိုင်ရေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းထက် လက်ရှိစိုက်ပျိုးမြေတစ်ဧကချင်းကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ပြီး အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်ရရှိရေး အလေးထားဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အချို့ဒေသတွင် ထုတ်လုပ်မှုကျဆင်းနိုင်သော်လည်း အခြားဒေသများ၏ ထုတ်လုပ်မြှင့်တင်နိုင်ခြင်းဖြင့် တစ်နိုင်ငံလုံး၏ စုစုပေါင်းစိုက်ပျိုးထုတ်လုပ်မှုကို နှစ်အလိုက်တိုးတက်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံအထူးဇုန်များ လျာထားဧကပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူဆီထွက်သီးနှံအထူးဇုန်ပြင်ပ ပုံမှန်စိုက်ပျိုးလျက်ရှိသည့် ဧရိယာအားလုံး ပုံမှန်အထွက်နှုန်းအောက်ကျဆင်းမှုမရှိစေရန်ကိုလည်း ကြိုးပမ်းကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တောင်သူ၏ စိတ်ဝင်တစားစိုက်ပျိုးလိုမှု ဖြစ်ပေါ်လာစေရေးနှင့် နောက်ရာသီများတွင် နေကြာသီးနှံကို အောင်မြင်စွာ တိုးချဲ့စိုက်ပျိုးနိုင်ရန် တောင်သူ့ဝင်ငွေတွက်ခြေကိုက်စေမည့် နေကြာအထွက်နှုန်း ရရှိစေရေးအတွက် မြေဆီလွှာစမ်းသပ်စစ်ဆေးပေးခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိရေးနှင့် အသုံးပြုသင့်သည့် သွင်းအားစုမြေဩဇာအမျိုးအစားအချိုးအဆထောက်ခံချက်ပေးခြင်း စသဖြင့် မိမိတို့စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ နေကြာသီးနှံစိုက်ပျိုးဖြစ်ထွန်းရန် အလားအလာကောင်းသည့် စိုက်ပျိုးမြေဧရိယာ ရွေးချယ်သတ်မှတ်ခြင်းနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဝါသီးနှံပန်းတိုင်အထွက်ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အပင်ပြုစုခြင်း၊ ရေသွင်းခြင်း၊ ဆွတ်ခူးခြင်းဆိုင်ရာ နည်းပညာပေးခြင်း အသိပညာပေးခြင်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံ နေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် တောင်သူများကို မျိုး၊ နည်းပညာ၊ သွင်းအားစုများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်၊ မန္တလေး တောင်တက်ကားလမ်းဘေးရှိ ဓမ္မဗျူဟာသီရိ၊ သီလရှင်ကျောင်းတွင် ဖွင့်လှစ်ထားသော (NFPE/NFME ကျောင်းပြင်ပပညာရေး) မူလတန်း၊ အလယ်တန်း ကျောင်းပြင်ပပညာရေးကျောင်း၏ စာသင်ခန်းမတွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သီလရှင်ကျောင်းအုပ်ချုပ်သူ ဆရာကြီး ဒေါ်ထေရီ(ဓမ္မာစရိယ ဝိနယဝိဒူ)၊ ဆရာကြီး ဒေါ်ပဒ္ဓေါတ(သာသနဓဇ ဓမ္မာစရိယ၊ BA Buddhist)နှင့် မူလတန်း၊ အလယ်တန်းပြ ဆရာမ ၇ ဦး၊ သီလရှင်ကျောင်းသူ ၈၁ ဦးတို့ တက်ရောက်ကြသည်။

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို NFPE ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်နှင့် NFME ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်း(စိုးဝင်းဗိုလ်-အရာတော်)တို့က ဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၃၃)**

## ဈေးကွက်အတွင်း မြေပဲဆန်လက်ကျန်နည်းပါးနေခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးဈေးကွက်အတွင်း၌ မြေပဲဆန်လက်ကျန်နည်းပါးသော်လည်း ဝယ်ယူမှုကောင်းမွန်မှုကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းထံမှ သိရသည်။

မြေပဲဆန်အသစ်များမှာ စက်တင်ဘာလထဲတွင် ထွက်ရှိလာမည်ဖြစ်သော်လည်း လက်ရှိ ဈေးကွက်အတွင်း သိုလှောင်သူလက်ထဲတွင် မြေပဲဆန်လက်ကျန်မရှိတော့ခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။

"မြေပဲစိုက်ခင်းတွေကတော့ မကြာမီရိတ်သိမ်းကြတော့မှာ၊ အဲဒါဆိုရင် ဈေးကွက်ထဲကို တဖြည်းဖြည်းဝင်လာမှာဖြစ်တယ်၊ အခုက သိုလှောင်သူလက်ထဲမှာပဲရှိတော့တာရော၊ အဝယ်ကလည်း ကောင်းနေရောကြောင့် ဈေးနှုန်းတွေက မြင့်တက်လာတာဖြစ်ပါတယ်၊ မကြာမီ ပုံမှန်ပြန်ဖြစ်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါအသင်းက ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အတွင်း မြေပဲဆန်ဈေးနှုန်းများမှာ ဩဂုတ်လ ပထမသီတင်းပတ်တွင် မြေပဲအဖြူလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀၊ ၈၅၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ ၈၄၀၀ ရှိခဲ့ရာမှ ဩဂုတ်လ တတိယသီတင်းပတ်တွင် မြေပဲအဖြူလုံးဆန် ငွေကျပ် ၁၀၀၀၀၊ ၁၀၅၀၀၊ မြေပဲနီလုံးဆန် ငွေကျပ် ၉၅၀၀၊ ၉၈၀၀ သို့ ရောက်ရှိလာသည်။

"မြေပဲဆီက ပြည်တွင်းစားသုံးမှုကလည်း အရင်ကထက်စာရင် ပိုမိုမြင့်တက်လာတယ်၊ ဒါကြောင့် ဈေးကွက်ထဲမှာ အဝယ်ကလည်း သိသိသာသာများလာတယ်၊ လက်ရှိဈေးကွက်ထဲမှာ အရောင်းနည်းတဲ့အတွက် ဈေးတွေက ကောင်းလာတာဖြစ်ပါတယ်" ဟု မြေပဲဆန်ရောင်းချသူ တစ်ဦးက ပြောသည်။

မြေပဲစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းပဒေသာ ၅၊ ၆၊ ၇၊ ၉၊ ၁၀၊ မကွေး ၁၁၊ ၁၅ မျိုးများနှင့် ပင်ပြန့်ကျောင်းကုန်းများကို အဓိကထားစိုက်ပျိုးကြကြောင်း၊ မိုးမြေပဲကို ဇွန်လအတွင်း စိုက်ပျိုးကြပြီး မကြာမီတွင် ထွက်ရှိတော့မည်ဖြစ်ပြီး ဆောင်းမြေပဲကိုမူ စက်တင်ဘာနှင့် နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဧ)**



## သတင်းများOnline မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ပုသိမ်ကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေး

**ပုသိမ်ကြီး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ community centre ပံသုကျီခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတအပြင် အခြားအသိပညာများ ရရှိစေရန် ရည်ရွယ်၍ စိတ်ကြိုက်ပန်းချီ၊ ကဗျာရွတ်၊ ပုံပြင်ပြော စသည့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခဲ့သည်။

**(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာအေးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် အ.ထ.က ပုသိမ်ကြီး Grade-6 ကျောင်းသား၊ ကျောင်းသူများအား စာစီစာကုံး၊ ပုံပြော၊ ကဗျာရွတ်၊ စိတ်ကြိုက်ပန်းချီ၊ ဆေးရောင်ခြယ် စသည့် ပြိုင်ပွဲများအပြင်၊ စာအုပ်စာစောင်ပြပွဲ၊ စာဖတ်ဝိုင်း စသည်တို့ကို ကျင်းပပြုလုပ်ပေးမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အ.ထ.က ပုသိမ်ကြီး အလယ်တန်းပြ ဆရာမ ဒေါ်သဲအေးသန့်ဇင်နှင့် Grade-6 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ယနေ့ကျင်းပခဲ့သော ပြိုင်ပွဲများမှာ စာစီစာကုံး၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ စာဖတ်ဝိုင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရန် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကို ဥပဒေနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ယနေ့အထိ လျှောက်ထားသည့်ပါတီ ၆၇ ပါတီရှိပါကြောင်း၊ ယင်းပါတီများအနက် မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ ၅၁ ပါတီရှိပြီး အဆိုပါပါတီများထဲမှ နိုင်ငံရေးပါတီ နှစ်ပါတီကို မှတ်ပုံတင်ခွင့် ပယ်ဖျက်ပေးခဲ့ရသည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၉ ပါတီရှိပါကြောင်း၊ နိုင်ငံရေးပါတီ ၄၉ ပါတီအနက် တစ်နိုင်ငံလုံးစည်းရုံးမည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၄၀ ရှိပါကြောင်း၊ တစ်နိုင်ငံလုံး စည်းရုံးမည့်ပါတီများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅(စ)နှင့် ပုဒ်မ ၅(ဆ)တို့နှင့်အညီ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီကို ခိုင်မာအားကောင်းသောပါတီ၊ မဲဆန္ဒရှင်ပြည်သူက ယုံကြည်အားကိုးသော ပါတီဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်က အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ကော်မရှင်က အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အခြေခံမဲစာရင်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့်သာမက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြပြီး ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကော်မရှင်ရုံးမှတာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံရေးပါတီများ၏ ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၉ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မိုးချည်မျှင်ရှည်ဝါ ၃၈၈၀ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါး၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဝါသီးနှံစသည့် သီးနှံများကို စီးပွားဖြစ်သီးနှံအဖြစ် အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ဧကများ တိုးပွားစေရေး တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီ၌ မိုးချည်မျှင်ရှည်ဝါ ၃၈၈၀ ဧက စိုက်ပျိုးရန် လျာထားခဲ့ကြောင်းနှင့် ချည်မျှင်ရှည်ဝါသီးနှံများ လျာထားချက်ပြည့်မီ ကျော်လွန်ရေး ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ချည်မျှင်ရှည်ဝါသီးနှံများကို ရဲဘော်ကြီး၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲကျေးရွာ၊ ကြောင်ကျေးရွာ၊ ကြက်သားဟင်း၊ သင်္ဘောတုံ၊ ကလေး၊ မှိုင်းပန်၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ အရှေ့သာဂရ၊ ပြည်တော်သာ၊ သံရွာကျေးရွာ၊ ပေါင်လောင်၊ တောင်တော်ကျေးရွာအုပ်စုများနှင့် ကင်းကျေးရွာအုပ်စုများတွင် အဓိကထားစိုက်ပျိုးကြသည်။

မိုးချည်မျှင်ရှည်ဝါသီးနှံများ အောင်မြင်ရေးနှင့် ဝါစိုက်ပျိုးတောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)မှ ဒေသနှင့်ကိုက်ညီသော ဝါမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်း၍ ကျေးရွာများ အရောက်ကွင်းဆင်းကာ စိုက်ပျိုးမြေအနေအထားများကို ကြည့်ရှု၍ မြေပြုပြင်ချိန်မှ စတင်ကာ စိုက်ပျိုးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်း နည်းပညာများကို စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၈၅)

# ဘင်္ဂလားဒေ့ရှ်သို့ ၂၀၂၈ အထိ လယ်ယာထွက်ကုန် တင်ပို့ရန် ညှိနှိုင်းနေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၂၀၂၈ ခုနှစ်အထိ ဆန်နဲ့ လယ်ယာထွက်ကုန်တွေ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၂၀၂၄-၂၀၂၈ ရေးထိုးဖို့ ညှိနှိုင်းဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။

သဘောတူညီချက်အရ တစ်နှစ်ကို ဆန်နဲ့ လယ်ယာထွက်ကုန် စုစုပေါင်းတန်ချိန် ၁၅၀,၀၀၀ တင်ပို့သွားမှာဖြစ်ပြီး ပေါင်းဆန်တန်ချိန် ၁၅,၀၀၀၊ ဆန်ဖြူတန်ချိန် ၃၀,၀၀၀၊ ဆန်ကွဲတန်ချိန် ၂၀,၀၀၀ ပါဝင်သည်။

ထို့အပြင် ပြောင်းဆန် တန်ချိန် ၃၀,၀၀၀၊ ပဲအမျိုးမျိုးတန်ချိန် ၂၀,၀၀၀၊ ငရုတ်၊ ကြက်သွန်နီနဲ့ ချင်း(ဂျင်း)တန်ချိန် ၂၀,၀၀၀၊ သကြားတန်ချိန် ၁၅,၀၀၀ ကိုလည်း ထည့်သွင်း တင်ပို့သွားရန်ရှိသည်။မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးထားသည်။

နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် နှစ်သိန်းခွဲနဲ့ ပေါင်းဆန်တန်ချိန် ငါးသောင်း တင်ပို့ဖို့ MoU ရေးထိုးခဲ့ပြီး စတုတ္ထအကြိမ် ဆန်တန်ချိန် တစ်သိန်း တင်ပို့နိုင်ဖို့ ညှိနှိုင်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံကိုလည်း MoU အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ် မတ်ပဲတန်ချိန် ၂ သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်း တင်ပို့မှာဖြစ်ပြီး အိန္ဒိယ၏ လွတ်လပ်စွာတင်ပို့ခွင့် သက်တမ်းတိုးခွင့်ပြုမှုအရ မတ်ပဲနဲ့ ပဲစင်းငုံတွေ တိုးတက် တင်ပို့လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)ရွှေမန်း**



## တစ်ချက်တည်းကျင်းဝင်

**မန္တလေး မတ် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ဒေါက်တာအောင်ငြိမ်းချမ်းထွန်းသည် ကျင်းအမှတ်(၈)တွင် အကွာအဝေး ၂၀၀ ကိုက်၌ ဂေါက်တံအမျိုးအစား CALLAWAY WOOD-5၊ ဂေါက်သီးအမျိုးအစား Titleist-99 ဖြင့် ဂေါက်ရိုက်ကစားရာ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ရာတွင် အတူကစားဖော်များအဖြစ် ဦးဇော်လင်းရှိန်၊ ဦးပြည့်ဖြိုးအောင်တို့ရှိခဲ့သည်။ တစ်ချက်တည်း ကျင်းဝင်ခဲ့သော ဒေါက်တာအောင်ငြိမ်းချမ်းထွန်းအား SWEETY HOME ကုမ္ပဏီမှ ဆုငွေကျပ် နှစ်သိန်းတန် ကူပွန်၊ Myanmar Casual Wear ကုမ္ပဏီမှ ဂေါက်အိတ်တစ်လုံး၊ ရှောက်လုံခမ် ဟော့ပေါ့မှ ငွေကျပ် ငါးသိန်းတန်ကူပွန်၊ ဝမ်းသာမြန်မာကုမ္ပဏီမှ ဆုငွေကျပ် ဆယ်သိန်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကဆ)

# အကြိမ် (၃၀)မြောက် ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ်စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဩဂုတ် ၂၄

အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိစာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ်စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ "စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်မရနိုင်သော ပခုက္ကူစာပေဆု ဗီဒီယိုကလစ်နှင့် ပါရီအိုလံပစ်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား" ဗီဒီယိုကလစ်တို့ကို ပြသသည်။

စာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုများကလည်း အဓိကကျပါကြောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည်ဖြစ်သည့်အတွက် သက်တမ်းရှည်ပုဂ္ဂလိကစာပေဆုတစ်ခုဖြစ်ပါကြောင်း။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် မိမိတို့၏ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အဓိကထား အထောက်အကူပြုနေသည့် ပခုက္ကူစာပေဆု ဆုနှင်းသဘင် အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးမှာ မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများ ပါဝင်သကဲ့သို့ စာပေပညာရှင်များကို ချီးမြှင့်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက

လွန်ခဲ့သည့်နှစ်ပေါင်း၃၀ ကျော် ၁၉၉၂ ခုနှစ်တွင် ပခုက္ကူမြို့မှ သိန်းတစ်ရာ ဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက စာပေရန်ပုံငွေတစ်ရပ် တည်ထောင်ရန်အတွက် ငွေကျပ် ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်တို့ကို မတည်၍ နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်မှ စတင်ပြီး ဦးအုံးဖေ၏ စာပေအလှူဒါန မတည်ငွေနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုနှင့် စာပေဆုဘာသာရပ်လေးမျိုးကို စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခုအခါတွင် တစ်သက်တာ စာပေဆုနှင့် ဘာသာရပ်ငါးမျိုးကို ဆုချီးမြှင့်လျက်ရှိပါကြောင်း။

ငှင်းမကွယ်လွန်မီက ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲအခမ်းအနားတစ်ခုတွင် "စာပေဟာ ကျွန်တော့်ကို မြေတောင်မြှောက်၊ ရေလောင်း ပေါင်းသင်ပေးတဲ့ ကျေးဇူးရှင်ပါ။ ဒါကြောင့် ကိုယ်ပိုင်ငွေတွေကို ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ စာပေကို ကျေးဇူးဆပ်တဲ့အနေနဲ့ စာပေဆု၊ ပညာရည်ချွန်ဆုများအတွက် လှူဒါန်းပေးပြီး စာကြည့်တိုက်များ တည်ဆောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ လမ်းမှား၊ အမြင်မှားရောက်နေတဲ့ လူတွေကိုလည်း စာဖတ်ခြင်းအားဖြင့် အမြင်မှန်ရကာ ကျွန်တော့်လို မကောင်းတဲ့ဘဝက ကောင်းတဲ့ဘဝကို ပြောင်းလဲစေချင်လို့ပါ" ဆိုပြီး ပြောကြားခဲ့သည်ကိုလည်း မှတ်သားခဲ့ဖူးပါကြောင်း။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု အပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ ဆရာမကြီးများအတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ဘာသာရပ်တိုင်းတွင် ဆုရရှိသော စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် ရသ၊ သုတ ဖြည့်ဆည်းပေးမည့် ဘဝလမ်းညွှန် စာမူကောင်းများ ဖြစ်ကြပါကြောင်း၊ ဆုရရှိသူ ဆရာ ဆရာမကြီးများအားလုံး မိမိတို့၏ကလောင်အစွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း၊ ထိုနည်းတူ ပညာရည်ချွန်ဆု ရရှိကြသော သားငယ်၊ သမီးငယ်လေးများကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များကိုလည်း မကြာခဏ လှူဒါန်းပေးလျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း လူထုသိပ္ပံကျမ်း အတွဲ (၆) နှင့်အတွဲ (၇) တစ်မျိုးလျှင် အုပ်ရေ ၁၅၀၀ စီဖြင့် စုစုပေါင်း အုပ်ရေ ၃၀၀၀ ကို ထပ်မံလှူဒါန်းပါကြောင်း၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍအရေးကြီးပုံနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန် လိုအပ်ပုံကို

စာမျက်နှာ ၅ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် အတွဲ (၇) တစ်မျိုးလျှင် အုပ်ရေ ၅၀၀ စီ စုစုပေါင်း အုပ်ရေ ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦး လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံရယူစဉ်။

* စာမျက်နှာ ၄ မှ

တိုက်တွန်းလေ့ရှိသကဲ့သို့ စာတတ်သူတိုင်း စာဖတ်ကြရေး၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန်ပြည့်ဝသောလူငယ်များ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများအပြင် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပုံကို အလေးထားမှာကြားလေ့ရှိပါကြောင်း၊ ထို့အပြင် ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်စာကြည့်တိုက်များ တိုးပွားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် စာပေ၏အရေးကြီးသော အခန်းကဏ္ဍကို အလေးထားရန် မိမိတို့ကို မှာကြားလေ့ရှိပါကြောင်း။

စာပေ၏ အစွမ်းသတ္တိသည် အမှောင်ခွင်းပြီး အလင်းဆောင်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀ ကို ထည့်ဝင်လှူဒါန်းပါကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်ကြီးများကလည်း စာပေဗိမာန်မှ ဆောင်ရွက်လျက်ရှိသည့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီအားဖြည့်ပေးကြပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ကလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များသို့ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် (၇) တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ စုစုပေါင်းအုပ်ရေ ၂၀၀၀ ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ (မောင်ဆွေသက်) ကလည်းကောင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိစာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် (၇) တစ်မျိုးလျှင် အုပ်ရေ ၅၀၀ စီ စုစုပေါင်းအုပ်ရေ ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် ၇၅ သိန်းကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က လက်ခံရယူပြီး စာပေဆု ရွေးချယ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူစာပေ တစ်သက်တာ ဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ဆရာကြီး ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်) ကိုယ်စား သမီးဖြစ်သူ ဒေါ်သရဖီစိမ်းအောင်နှင့် ဆရာကြီး ဦးတင့်လွင် (တက်လူ) ကိုယ်စား သားဖြစ်သူ ဦးစည်သူလွင်တို့က လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က ပခုက္ကူစာပေဆုဝတ္ထုရှည် ဒုတိယဆုရ မေတ္တာထွေး နွေးပါသည် ဝတ္ထုရေးသားသူ ဆရာညိမ်းညို၊ ဝတ္ထုရှည် တတိယဆုရ စိတ်ဝတ္ထုရေးသားသူ ဆရာနေစိုးသော်၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မှသားချိုချိုနှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာအမေ့သား (နတ်မောက်)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာကိုနီသွေး (မန်းမြို့)၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်ကို ရေးသားသူ ဆရာထွန်းလှိုင် (မြိုင်)၊ ကျမ်းစာပေ ပထမဆုရ ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့် စာပေကို ရေးသားသူ ဆရာကိုတိုး (ရန်ကင်း)၊ ကျမ်းစာပေ ဒုတိယဆုရ ရတနာပုံအိမ်ရှေ့စံကို ရေးသားသူ ဆရာဦးဝင်းမြင့်မောင် (လင်းအရဏ်ဦး)၊ ကျမ်းစာပေ တတိယဆုရ ရုပ်ရှင်နှင့်နိုင်ငံရေး၊ အမျိုးသားရေးအခန်းကဏ္ဍကို ရေးသားသူ ဆရာ သက်ဦးမောင်၊ သုတေသနစာပေပထမဆုရ သရေခေတ္တရာပျူတို့၏ ရွှေထည်၊ ငွေထည် ယဉ်ကျေးမှုအနုလက်ရာများကို ရေးသားသူ ဆရာမာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)၊ ကဗျာပေါင်းချုပ် ပထမဆုရ ရောင်နီသန်းချိန် ပန်းပွင့်ချိန်ကို ရေးသားသူ ဆရာကောင်းနွဲ့၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မွေးမြဂုဏ်ရည် စာပန်းသီကဗျာများကို ရေးသားသူ ဆရာရွှေမင်းသား (စစ်ကိုင်း)၊ ကဗျာပေါင်းချုပ် တတိယဆုရ ဘဝတေးသံကဗျာများ ရေးသားသူ ဆရာတော် ကနောင်နိုင်နွယ်ဦး၊ သုတေသနစာပေ ဒုတိယဆုရ ဆိုကရေးတီးရိုးရာခရီးကို ရေးသားသူ ဆရာကိုဇော်ဌေး (ယဉ်ကျေးမှု) နှင့် သုတေသနစာပေတတိယဆုရ လပြည့်နေ့ဖွား မြန်မာလူကျော်များကို ရေးသားသူ ဆရာလက်ယာ (မေတ္တာတံခွန်) တို့က ဆုများ လက်ခံရယူကြသည်။

ထို့နောက် အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရရှိသူများနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရရှိသူများကို ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးသိန်းခိုင်ဦးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးတို့က ဆုများပေးအပ်ချီးမြှင့်ရာ ကျွန်တော်သိသော ကျွန်တော့်ရွာ စာအုပ်ရေးသားသူ ဆရာခင်မောင်ဝင်း (အညာမြေ)၊ သရဖွေးလင်္ကာအဖွင့်ကျမ်းစာအုပ်ရေးသားသူ ဆရာသဲ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပညာသင်ဆုရရှိသူ မသန့်ဖြူဖြူထွန်း (ဒုတိယနှစ်၊ ပန်းချီပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပညာသင်ဆုရရှိသူ မောင်မင်းသုဟန်ကျော် (ဒုတိယနှစ်၊ ပန်းချီပညာဌာန) တို့က ဆုများ လက်ခံရယူကြသည်။

ယင်းနောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ဆုရရှိသူများကိုယ်စား ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရ ဆရာမာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဩဂုတ် ၂၄

ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘူရီယမ်မြို့တွင် ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၁၃) ကြိမ်မြောက်အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံအပေါင်း ၃ နိုင်ငံများ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် (၇) ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်း အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါသွားကြသည်။

အဆိုပါ အစည်းအဝေးကို "ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင် ကူးပြောင်းရေး" ဟူသော ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ပဝင်ဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။**

# မသိမဖြစ်သောလျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုအန္တရာယ်

မောင်မောင်စွယ်စုံထွန်း

ယခုအခါနိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အား မလုံလောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပြည်သူအများ အခက် အခဲဖြစ်ပေါ်နေချိန်တွင်ပြည်သူအချို့သည် 'မည်သူ သေသေ ငတေမာလျှင်ပြီးရော' ဆိုသကဲ့သို့ မိမိတို့ အကျိုးစီးပွားအတွက် တရားမဝင်ဓာတ်အား သုံးစွဲမှုများကို နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်လျက်ရှိနေကြပါသည်။ တရားမဝင်ဓာတ်အားသုံးစွဲမှုများသည် နှစ်စဉ်တိုးပွားလာနေပြီး ယခုအခါ တရားမဝင်သုံးစွဲမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စစ်ဆေးဖော်ထုတ်လျက်ရှိနေရာ အမှုပေါင်းသောင်းနှင့်ချီ၍ စစ်ဆေးတွေ့ရှိနေရသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ်ယူနစ်ပေါင်း သန်းနှင့်ချီ၍ ဆုံးရှုံးရပြီး ဓာတ်အားခဘီလီယံနှင့်ချီ၍ နစ်နာကြေးတောင်းခံနေရ သည်ကို တွေ့ရှိနေရပါသည်။ သို့ဖြစ်၍ ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဖော်ထုတ်အရေးယူနိုင်ရန် တာဝန်ရှိသူ အဆင့်ဆင့်မှအထူးကြပ်မတ်၍ စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိပြီး သူအချို့ကလည်း မီတာများအား မသမာသည့်နည်းလမ်းများကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲနေသလို လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် မရရှိသေးသူများကလည်း တိုက်ရိုက်ချိတ်ဆက်ခိုးယူသုံးစွဲနေကြပါသည်။ တရားမဝင်ခိုးယူသုံးစွဲမှုများကို လေ့လာရာတွင် တိုက်ရိုက်ခိုးယူသုံးစွဲမှုများသည် အများဆုံးဖြစ်ပြီး ဝန်ပိုသုံးစွဲခြင်း၊ ဆင့်ပွားသုံးစွဲခြင်း၊ ရှန့်လင့်ခွာ၍ခိုးယူသုံးစွဲခြင်း၊ မီတာခထောက်ပြုလုပ်သုံးစွဲခြင်း၊ ကာဗာဆီးလ်ဖြုတ်အတွင်း ပြုပြင်သုံးစွဲခြင်းများကိုလည်း အထိုက်အလျောက်တွေ့ရှိနေရပါသည်။ မီတာတပ်ဆင်ထားပြီး ဓာတ်အားခအပြည့်အဝမပေးရအောင် မီတာသုံးစွဲယူနစ်မတက်အောင် အလည်နှေးအောင် စသည်ဖြင့် နည်းမျိုးစုံဖြင့်လည်း ခိုးယူသုံးစွဲနေတာမျိုးကိုလည်း စစ်ဆေးတွေ့ရှိနေရပါသည်။ လျှပ်စစ်ဥပဒေအရ တရားမဝင်ဓာတ်အားသုံးစွဲမှုကို စစ်ဆေးတွေ့ရှိခဲ့လျှင် နေအိမ်ဖြစ်စေ၊ စက်ရုံလုပ်ငန်းဖြစ်စေ တပ်ဆင်သုံးစွဲထားသော ဝန်အားပမာဏအပေါ်အခြေခံ၍ တစ်နေ့ ၈ နာရီ သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ သုံးသည်ဟု မှတ်ယူ၍ တစ်နှစ်စာနောက်ကြောင်းပြန် တွက်ချက်လျက် လျော်ကြေးများ ကောက်ခံသွားမည် ဖြစ်သလို လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခံရခြင်း၊ သတ်မှတ်ဒဏ်ကြေးများပေးဆောင်ရခြင်း အပြစ်ဒဏ်များကျခံရမည်ဖြစ်သည့်အပြင် မီးသုံးစွဲမှုလည်း ဖြတ်တောက်ခံရမည် ဖြစ်ပါသည်။ ထိုသို့ မီတာတပ်ဆင်ပြီး ခိုးယူသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးရာတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်နေပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ အလုပ်မှထုတ်ပစ်ခြင်း၊ တရားစွဲဆိုခြင်းစသည်တို့အား ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ မီတာတပ်ဆင်ခြင်းမရှိဘဲ တိုက်ရိုက်ခိုးယူသုံးစွဲခြင်းသည် ပြည်သူပိုင်ပစ္စည်းအား ခိုးယူခြင်းဖြစ်၍ ဥပဒေကြောင်းအရ ရဲစခန်းတွင် အမှုဖွင့်၍ တရားရုံးတွင် တရားစွဲဆိုရာတွင် လိုအပ်ပါက လျှပ်စစ်ဥပဒေသာမက အခြားသော ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေများဖြင့်ပါ တရားစွဲဆိုသွားမည်ဟုလည်း သိရှိရပါသည်။

ထိုကဲ့သို့ နည်းအမျိုးမျိုးဖြင့် တရားမဝင်ဓာတ်အားသုံးစွဲသူများသည် မီတာခကုန်ကျစရိတ်မရှိသဖြင့် ဓာတ်အားရရှိချိန်တွင် အတိုင်းအဆမရှိ အလွန်အကျွံသုံးစွဲကြခြင်းကြောင့် နိုင်ငံ၏ဓာတ်အား မလုံလောက်မှုကို ပိုမိုဆိုးရွားသွားစေပါသည်။ သို့ဖြစ်၍ လျှပ်စစ်မီးပြည့်ဝစွာ သုံးစွဲလိုသည့် တရားဝင်မီတာဖြင့် မှန်မှန်ကန်ကန်သုံးစွဲနေသော ပြည်သူများအနေဖြင့်လည်း လျှပ်စစ်မီးကိုချွေတာသုံးစွဲရုံသာမက တရားမဝင်ဓာတ်အားခိုးယူသုံးစွဲနေမှုများကြောင့် ဓာတ်အားမလုံမလောက်ဖြစ်ပေါ်စေခြင်းအား သိမြင်နားလည်ကြပြီး လျှပ်စစ်ဌာနသို့ သတင်းပေးဖော်ထုတ်တိုင်ကြား အသိပေးခြင်းဖြင့် ဓာတ်အားမလုံလောက်နေချိန်တွင် ပိုမိုသုံးစွဲလာနိုင်ရုံမက ဆေးရုံ၊ စာသင်ကျောင်းစသည့် လျှပ်စစ်မီးအရေးကြီးလိုအပ်သော နေရာများသို့ပါ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိခံစားလာနိုင်မည်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကြောင့် ဓာတ်အားများပျောက်ဆုံး၍ နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေလျော့ကျခြင်း၊ ဗို့အားများကျဆင်းလာခြင်း၊ ထရန်စဖော်မာများ ဝန်အားမနိုင်နင်းမှုကြောင့် လောင်ကျွမ်းပျက်စီးခြင်းများစွာကိုဖြစ်ပေါ်စေ၍ နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် မီးဘေးအန္တရာယ်များ၊ ဓာတ်လိုက်မှုအန္တရာယ်များလည်းများစွာ ဖြစ်ပွားလျက်ရှိနေသဖြင့် တရားမဝင်သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိရပါက ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မ(၅၂) နှင့်(၅၃)တို့အရထိရောက်စွာ အမှုဖွင့်အရေးယူသွားရန် ဆောင်ရွက်လျက်ရှိခြင်းလည်း ဖြစ်ပါသည်။

ဤနေရာတွင် အဆိုပါပုဒ်မ(၂)ခုအား ပြည်သူများသိရှိနိုင်စေရန် ဖော်ပြပေးလိုပါသည်-

ပုဒ်မ(၅၂)။ ။ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမှလျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်းတီးခြင်း၊ အသုံးပြုခြင်းမပြုရ။ (လျှပ်စစ်ဓာတ်အား တိုက်ရိုက်ခိုးယူသုံးစွဲခြင်း မပြုလုပ်ရန်တားမြစ်ခြင်းဖြစ်ပါသည်။)

ပုဒ်မ(၅၃)။ ။မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင်အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။(ဓာတ်အားလိုင်းများမှ တရားမဝင်ချိတ်ဆွဲသွယ်တန်းသုံးစွဲခြင်း၊ လျှပ်စစ်မီတာအား မသမာမှုပြုလုပ်၍ ဓာတ်အားခိုးယူခြင်းစသည်တို့အား မပြုလုပ်ရန်တားမြစ်ခြင်း ဖြစ်ပါသည်။)

အဆိုပါဥပဒေအရ ပုဒ်မ(၅၂)အား ချိုးဖောက်ကြောင်းနှင့် ပြစ်ဒဏ်ထိုက်သင့်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် လျှပ်စစ်ဥပဒေ ပုဒ်မ(၆၂)အရ ပထမအကြိမ်ကျူးလွန်ပါက ငွေဒဏ်ချမှတ်နိုင်သော်လည်း ဒုတိယအကြိမ် ထပ်မံကျူးလွန်ကြောင်းတွေ့ရှိရလျှင် ငွေဒဏ်အပြင် ၂ နှစ်အထိထောင်ဒဏ်ကိုပါ ချမှတ်သွားလိမ့်မည်ဖြစ်သည်။ပုဒ်မ (၅၃)အား ချိုးဖောက်ကြောင်းနှင့် ပြစ်ဒဏ်ထိုက်သင့်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် လျှပ်စစ်ဥပဒေ ပုဒ်မ (၆၃) အရအနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုပါချမှတ်နိုင်ကြောင်း ဖော်ပြထားပါသည်။ ပုဒ်မ(၆၄)အရ အားပေးကူညီကြောင်း ပြစ်မှုထင်ရှားသူသည် သက်ဆိုင်ရာပြစ်မှုပါ ပြစ်ဒဏ်အတိုင်း တပြေးညီ ထောင်ဒဏ်နှင့်ငွေဒဏ်များချမှတ်သွားလိမ့်မည်ဖြစ်ရာ မီးကိုမသိ၍ကိုင်တွယ်မိပါက ပူမည်ဖြစ်သကဲ့သို့ ဥပဒေကိုမသိ၍ လုပ်မိပါသည်ဟု ထုချေ၍ရလိမ့်မည်မဟုတ်ပါ။

အများပြည်သူများအား အသိပညာမျှဝေလိုသည်မှာ လက်ရှိ လျှပ်စစ်ဝန်ထမ်းဖြစ်စေ၊ ဝန်ထမ်းဟောင်းဖြစ်စေ၊ လျှပ်စစ်လုပ်ငန်းတတ်သိနားလည်သူတစ်ဦးဦးကဖြစ်စေ ခွင့်ပြုချက်မရှိဘဲ မီတာကို တရားမဝင်ဖြုတ်၍ Seal ကို ဖြတ်ခြင်း၊ ပြုပြင်ခြင်း ဆောင်ရွက်ပြီး မီတာအတွင်း မီတာယူနစ်မတက်အောင် ပြုပြင်ခြင်းသည် လျှပ်စစ်ဥပဒေအရ လျှပ်စီးကြောင်း လွှဲပြောင်းခြင်းဖြစ်သဖြင့် ချက်ချင်းအချုပ်အနှောင်ခံရနိုင်သည်ကို သေသေချာချာ သိရှိနားလည်ကြစေလိုပါသည်။

ထို့အပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတရားမဝင်ဓာတ်အားသုံးစွဲမှုကို အရေးယူရမည့် လုပ်ထုံးလုပ်နည်း 'ရုံးအမိန့်စာ' အမိန့်အမှတ် ၅၀၄/၂၀၀၉ ညွှန်ကြားချက်အရလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စီမံခန့်ခွဲရေးနည်းလမ်းအရ တစ်ပေါင်းတည်းအရေးယူခြင်းကိုလည်း ခံကြရပါလိမ့်မည်။



အဆိုပါအမိန့်စာ(ညွှန်ကြားချက်)အရ ပြည်သူအချို့ဆောင်ရွက်လျက်ရှိသော တရားမဝင်သုံးစွဲမှုများမှာ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်း၊ ဆင့်ပွားဓာတ်အားဆက်သွယ်သုံးစွဲခြင်း၊ အထွေထွေအိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာမှ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မီတာခွင့်ပြုဝန်အားထက် ပိုမိုသုံးစွဲခြင်း၊ မီတာအမျိုးမျိုးအားပြုပြင်၍ ဓာတ်အားခိုးယူသုံးစွဲခြင်း၊ကန့်သတ်ထားသောအချိန်တွင် စက်မှုလက်မှုလုပ်ငန်းများအတွက် ဓာတ်အားရယူသုံးစွဲခြင်း၊ ဓာတ်အားအလှည့်ကျပိတ်ထားချိန်တွင် မိမိသဘောဖြင့် မိမိဓာတ်အားရယူသုံးစွဲခြင်း၊ ဓာတ်အားလိုင်း(၂)လိုင်း(သို့မဟုတ်)(၂)လိုင်းနှင့်အထက် ဆွဲထားခြင်း၊ မီတာအမျိုးမျိုးအား ချို့ယွင်းမှု(Tampered)ဖြစ်အောင် တရားမဝင်ပြုလုပ်ခြင်း၊ မီတာနှင့်တွဲဖက်အသုံးပြုရသော လျှပ်စစ်ပစ္စည်းများကို မူလအနေအထားပျက်ယွင်းအောင်ပြုပြင်မှု (Tampered) ပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။ အထက်ဖော်ပြပါအတိုင်း မသမာသော နည်းလမ်းတစ်ခုခုဖြင့် လျှပ်စစ်ဓာတ်အားကို တရားမဝင်သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် ဝန်ကြီးဌာနမှ အဆိုပါအမိန့်စာပါ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်လည်း ထပ်မံအရေးယူဆောင်ရွက်သွားတော့မည်ဟု သိရှိရပါသည်။

ယခင်ကာလများက မီတာများကို ပြင်ပမှသာ မသမာမှုပြုလုပ်ကြခြင်းဖြစ်ပြီး မီတာယူနစ်မတက်အောင် မီတာမရောက်မီအဝင်မှသုံးစွဲခြင်း(By pass)၊ မီတာအဝင်ကြိုးနှင့် အထွက်ကြိုးကို ခွထောက်ပြုလုပ်သုံးစွဲခြင်းများ၊ မီတာအဝင်ကြိုးနှင့် အထွက်ကြိုးပြောင်းပြန်တပ်ဆင်သုံးစွဲခြင်းများအား ပြုလုပ်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းကာလများတွင် မီတာအတွင်းသို့ပါ ပြုပြင်၍ (Tampered) ဖြစ်အောင် သုံးစွဲနေကြသူများကို အများအပြားတွေ့ရှိနေရပြီလည်း ဖြစ်သည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားခမပေးရအောင် နည်းအမျိုးမျိုးဖြင့် ပြုပြင်သုံးစွဲခြင်းများသည် တရားမဝင်ဓာတ်အားသုံးစွဲခြင်းများဖြစ်၍ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မများအရ ပြစ်ဒဏ်ထိုက်သင့်သည့်အပြင် ၂၀၀၉ ခုနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်အရလည်း စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရမည်ကို ပြည်သူအများသိရှိနားလည်သဘောပေါက်ကြရန် လိုအပ်နေပြီ ဖြစ်ပါသည်။

ဤနေရာတွင်အလျဉ်းသင့်၍ မီတာများတွင် ပြုပြင်မရနိုင်စေရန် အသုံးပြုသော Seal များအကြောင်းကိုလည်း အနည်းငယ်ရှင်းပြလိုပါသည်။ ယခုအခါ Digital မီတာများသည် electronics စနစ်သုံးများဖြစ်ရာ မီတာအတွင်းပိုင်းသို့ဖွင့်၍ ပြုပြင်မှုများရှိသဖြင့် မီတာအား cover seal ခတ်ထားပါသည်။ မီတာ၏ Body cover ကိုဖွင့်မရအောင်ခတ်ထားသော Seal များဖြစ်ပြီး မီတာစတင်ထုတ်ပေးစဉ်ကတည်းက တပ်ဆင်ပြီးပါလာသော seal ဖြစ်၍ မည်သူမှ ဖွင့်ခွင့်မရှိသော seal ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် Terminal seal ခတ်ထားပါသည်။ Terminal seal မှာ သက်ဆိုင်ရာမြို့နယ် လျှပ်စစ်ဝန်ထမ်းများခတ်ထားသော Seal ဖြစ်ပြီး တာဝန်ရှိသူမှအပ ဖွင့်ခွင့်မရှိပါ။ နောက်တစ်မျိုးမှာ မီတာတပ်ဆင်ထားသည့် Box ကိုခတ်သော Box Seal ဖြစ်ပြီး Terminal Seal ကဲ့သို့ပင်ဖြစ်သည်။ ထိုသို့ Seal များအဆင့်ဆင့်ခတ်၍ ပြုလုပ်ထားသော မီတာအား seal ပျက်စီးနေလျှင် seal မရှိတော့လျှင် Tempered ဟုသတ်မှတ်ပြီး သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အရေးယူခြင်းခံရမည်ဖြစ်သည်။

မီတာမရှိဘဲ တိုက်ရိုက်လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ ၁၂ နာရီနှုန်းဖြင့် တစ်နှစ်စာ လျော်ကြေးတောင်းခံမည်ဖြစ်သလို တရားစွဲဆိုခြင်းကိုပါ ခံကြရပါမည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်းအတွက် တပ်ဆင်ဝန်အားအရ တစ်နေ့ ၈ နာရီနှုန်းဖြင့် တစ်နှစ်စာလျော်ကြေးတောင်းခံမည်ဖြစ်သည့်အပြင် ဒဏ်ကြေးနှင့် အစားထိုးတပ်ဆင်ခများကိုပါ ပေးဆောင်ကြရမည် ဖြစ်ပါသည်။ လျော်ကြေးတောင်းခံပုံမှာ-လျော်ကြေး=တပ်ဆင်ဝန်အား(KW)× ၁၂ နာရီ (ဓာတ်အားသုံးစွဲချိန်)× ၃၆၅ ရက်× အမြင့်ဆုံးဓာတ်အားခနှုန်းဟု တွက်ချက်ပါသည်။ မီတာရှိပြီး တရားမဝင်သုံးစွဲခြင်းအတွက် ဓာတ်အားသုံးစွဲချိန်ကို တစ်နေ့ ၈ နာရီဖြင့် ပြောင်းလဲတွက်ချက်မည်ဖြစ်ပါသည်။ Over Load ဖြင့်ဆိုလျှင် အစားထိုး တပ်ဆင်ခ (၃)ဆ ပေးသွင်းရခြင်း၊ ရိုးရိုး Tampered ဖြစ်ခြင်းအတွက် ဒဏ်ကြေး ၅၀၀၀၀ ပါ ပေးသွင်းရခြင်း စသည့် အခြားသောသတ်မှတ်ချက်များလည်း ရှိလာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ တရားမဝင်သုံးစွဲမှုများသည် တစ်နေ့တစ်ခြား များပြားလာလျက်ရှိနေခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်ခန့်က LEP နှင့် ပတ်သက်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်တွင် မြန်မာပြည်သူများသည် လျှပ်စစ်နှင့်ပတ်သက်၍ ဗဟုသုတလွန်စွာနည်းပါးလှပြီး ဓာတ်အားခပေးဆောင်နေခြင်းကို အခပေးရသည်ဟု မထင်ဘဲ အခွန်ပေးဆောင်နေရသည်ဟု ထင်မြင်ယူဆနေကြကြောင်း၊ လျှပ်စစ်သုံးစွဲခြင်းအား ရပိုင်ခွင့်တစ်ခုကဲ့သို့ ယူဆနေကြကြောင်းစသည်ဖြင့် ဖော်ပြထားသည်ကိုဖတ်ရှုခဲ့ဖူးရာ များစွာဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။ ထိုကဲ့သို့ လျှပ်စစ်ဆိုင်ရာ ဗဟုသုတနည်းပါးခြင်းကြောင့် မိမိတို့ ဆောင်ရွက်မှု၏ အကျိုးဆက်ကိုမသိမြင်ကြတော့ဘဲ မိမိအဆင်ပြေလျှင်ပြီးရော စိတ်ဓာတ်ဖြင့် တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲခြင်းများကို ဖြစ်ပေါ်လာစေသည်ဟုလည်း စာရေးသူအနေဖြင့်လည်း ယူဆမိပါသည်။ သို့ဖြစ်ပါ၍ လျှပ်စစ်ဆိုင်ရာ ဗဟုသုတပညာပေးလုပ်ငန်းများအား များစွာဆောင်ရွက်ရန် လိုအပ်နေသည်ဟု ယူဆမိပါသဖြင့် အထက်ဖော်ပြပါ တရားမဝင်သုံးစွဲမှုများကို မပြုလုပ်မိကြစေရန် ရည်ရွယ်၍ တိုက်တွန်းရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tom Cruise ၏ Top Gun 3 ရုပ်ရှင်သစ် ထပ်မံထွက်ရှိ

အမေရိကန် လေသူရဲ အကြောင်း အဓိကအခြေခံတည်ရိုက်ကူးထားသည့် Top Gun ရုပ်ရှင်များတွင် Tom Cruise ပါဝင်ထားပြီး အောင်မြင်မှုရရှိခဲ့ရာမှ သုံးကားမြောက်ရုပ်ရှင်သစ် ထပ်မံထွက်ရှိလာမည်ဖြစ်သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



အဆိုပါရုပ်ရှင်သစ် Top Gun 3 ကို ဇာတ်ညွှန်းဆရာ အာရမ်ကာဂူဂါ ရေးသားထားပြီး ဒါရိုက်တာဂျိုဆက်ကို ဆက်ကီက ရိုက်ကူး၍ ဂျယ်ရီဘရတ်ဟီမာနှင့် ဒေမစ်အီလီဆန်တို့က ထုတ်လုပ်ပေးထားကာ လက်ရှိ ဇာတ်ညွှန်းမရှိသေးဘဲ Tom Cruise ရုပ်ရှင်များ လက်စသတ်ပြီးမှ စတင်ရိုက်ကူးမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ၁၉၈၆ ခုနှစ်တွင် ပထမဆုံးရိုက်ကူးပေးထားပြီး ဇာတ်ဝင်တေး ရေပန်းစားခဲ့ကာ ၂၀၂၂ခုနှစ်တွင် အပိုင်း(၂)ထွက်ရှိထားပြီး ကိုဗစ်ကာလ အခြေအနေမှာပင် ရုံတင်ဝင်ငွေများစွာနှင့် အော်စကာဆုတစ်ဆု ရရှိပိုင်ဆိုင်ထားကာ အပိုင်း(၃) ထွက်ရှိရန်အတွက် စီစဉ်နေကြခြင်းဖြစ်သည်။

SKY

## Kriti Sanon က အချစ်ရေးတွင် သိုသိပ်သူဖြစ်သည့် လက်ဝှေ့မယ်မှ အနုပညာရှင်ဖြစ်လာ



ဘောလိဝုဒ်အနုပညာရှင် Kriti သည် အရပ်မြင့်မြင့်နှင့် ပြုံးရယ်နေတတ်ကာ လက်ဝှေ့မယ်ဘဝမှအနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး အချစ်ရေးတွင်သိုသိပ်သူဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Kriti သည် ၁၉၉၀ပြည့်နှစ်ဖွားဖြစ်၍ အသက်၃၄နှစ်ရှိပြီဖြစ်ပြီး ငယ်စဉ်ကစာတော်၍ လက်ဝှေ့အားကစားတွင် တိုင်းအဆင့်ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး အလှဓာတ်ပုံပြိုင်ပွဲဝင်ရာမှ ပထမဆုရကာ မော်ဒယ်လ်အဖြစ်စီက ကမ်းလှမ်းခဲ့သည်။

Kriti က အင်ဂျင်နီယာဘွဲ့ရပြီးမှ ၂၀၁၁ခုနှစ်တွင် မော်ဒယ်လ်မှ သရုပ်ဆောင်ကူးခဲ့ကာ ၂၀၂၃ ခုနှစ်တွင် တီလဂူရုပ်ရှင်နှစ်ကားစာချုပ်၍ပေါက်ခဲ့ပြီး ဘောလိဝုဒ်မင်းသမီးဖြစ်လာကာ ကိုးနှစ်အတွင်း ရုပ်ရှင်သုံးကားနှင့် ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။ Kriti သည် အချစ်ရေးတွင် သိုသိပ်မှုရှိ၍ ကွယ်လွန်သူဆူရှန့်နှင့်သာ သတင်းထွက်ခဲ့ပြီး ချစ်သူအသစ် သတင်းကြားရခြင်းမရှိခဲ့ဟု ဆိုသည်။

SKY

## တုပ်ကွေးရောဂါအားလုံးကို ကြိုတင်တားဆီးနိုင်မည့် ကာကွယ်ဆေးတစ်မျိုး အမေရိကန်ပညာရှင်များဖော်စပ်



ခြင်မှတစ်ဆင့် ကူးစက်သော တုပ်ကွေးရောဂါအမျိုးမျိုးရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ တုပ်ကွေးရာသီများလည်း ကွဲပြားလျက်ရှိရာ တုပ်ကွေးကာကွယ်ဆေးကို တစ်နှစ်နှင့်တစ်နှစ်မတူဘဲ ဖော်စပ်ထုတ်လုပ်ကြရသည်။

တုပ်ကွေးကာကွယ်ဆေးများကို ထိုသို့ပြောင်းလဲ ဖော်စပ်ထုတ်လုပ်နေရခြင်းမှ ကင်းဝေးစေရန်အတွက် ပြောင်းလဲစရာမလိုသော တုပ်ကွေးကာကွယ်ဆေးတစ်မျိုးကို အမေရိကန်ပြည်ထောင်စု ကလိဗ်လန်းဆေးခန်း ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေး ဖွံ့ဖြိုးမှုဌာနမှ ညွှန်ကြားရေးမှူးတက်ဒ်အမ်ရော့စ် ဦးဆောင်သော သုတေသီများ မကြာသေးမီက ဖော်စပ်နိုင်ခဲ့ကြသည်။

ယင်းတုပ်ကွေးကာကွယ်ဆေးသစ်ကို တစ်နှစ်မှသုံးနှစ်အတွင်း တိရစ္ဆာန်နှင့် လူတို့ကို လက်တွေ့စမ်းသပ်ထိုးနှံပေးမည်ဖြစ်ကြောင်း ပိုးမွှားဗေဒပညာရှင် နာအောကေအာ့နောက ထုတ်ဖော်ပြောကြားသည်။

အကယ်၍ စမ်းသပ်ထိုးနှံမှုအောင်မြင်ပါက တစ်ကမ္ဘာလုံးတွင် မည်သည့် တုပ်ကွေးရောဂါကိုမဆိုကာကွယ်ရန်အတွက် အဆိုပါကာကွယ်ဆေးတစ်မျိုးတည်းကိုသာ ထိုးနှံရမည်ဖြစ်ကြောင်း သိရသည်။

SCI



## Twice မှ Tzuyu ထိုင်ဝမ်မှ အိပ်မက်အတွက်ရောက်လာ

ထိုင်ဝမ်သူ Tzuyu သည် အိပ်မက်အတွက် ကိုရီးယားသို့ တစ်ဦးတည်း ထွက်လာခဲ့ပြီး ကေပေါ့ပ်အဖွဲ့ဝင်ရန် ပြိုင်ပွဲများစွာကို ကျော်ဖြတ်ခဲ့သည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Tzuyu သည် ငယ်ရွယ်စဉ်ကပင် အိပ်မက်နောက်လိုက်ရန် ကိုရီးယားသို့ တစ်ယောက်တည်း ထွက်လာပြီး Sixteenပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Twice အဖွဲ့နှင့် ပွဲထွက်ရန်များစွာ လေ့ကျင့်ခဲ့ရသည်။

ယင်းပြိုင်ပွဲအတွက် ခက်ခဲမှုများစွာကို ရန်းကန်ရင်ဆိုင်ခဲ့ရပြီး ပရိသတ်များက ချောမောလှပသောရုပ်သွင်၊ သေးသွယ်သော ကိုယ်ခန္ဓာနှင့် အရပ်အမောင်းတို့ကြောင့် Tzuyu ကို ပွဲထုတ်ရန် ဂျေဝိုင်ပီကိုတောင်းဆိုခဲ့ကြသည်။

ပွဲထွက်လာချိန်တွင် အဖွဲ့၏ ချောမောသူလေးအဖြစ် သတ်မှတ်ခံရကာ ထိုင်ဝမ်နတ်ဘုရားမလေးဟူသောအမည်ကို ရရှိခဲ့ကာ လက်ရှိအောင်မြင်နေသူလေးဖြစ်သည်။

SKY

## SNSD မှ Tiffany ပန်းရောင်ကြိုက်သူဖြစ်ကြောင်းပြေသ

K Pop အဖွဲ့ SNSD မှ Tiffany သည်အက်စ်အမ်အင်တာတိန်းမင့်ကို ရွေးချယ်ခဲ့ရခြင်း အကြောင်းအရင်းမှာ အများနှင့်မတူ တမူထူးခြားစွာနှင့်ပန်းရောင်ကြိုက်နှစ်သက်၍ ရောက်ရှိခဲ့သူဖြစ်သည်ဟု ပန်းရောင် ကြိုက်နှစ်သက်ကြောင်း သက်သေပြသခဲ့ပုံကို ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

K Pop လောကမှ ကြီးသုံးကြီးဖြစ်ကြသည့် ဂျေဝိုင်ပီ၊ ဝိုင်ဂျီ၊ အက်စ်အမ်အင်တာတိန်းမင့်များသို့ အကြောင်းအမျိုးမျိုးနှင့် ကေပေါ့ပ်အနုပညာရှင်များ ဝင်ရောက်လာကြရာတွင် ငယ်စဉ်ကတည်းက သူ့ဌေးသမီး တစ်ဖနီက အက်စ်အမ်၏ ကမ်းလှမ်းခဲ့သော လိပ်စာကတ်မှာ ပန်းရောင်ဖြစ်နေ၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

တစ်ဖနီကပန်းရောင်ကြိုက်နှစ်သက်မှု ရူးသွပ်သူဖြစ်ကာ ဘဏ်ကတ်ကိုလည်း ပန်းရောင်လုပ်ထားပြီး အစာအိမ်မကောင်း၍ ဆေးသောက်ရသည်ကိုပင် အမေရိကန်မှ အစာအိမ်ဆေး ပန်းရောင်ကို တကူးတကမှာသောက်သည်ထိ ပန်းရောင်ကြိုက်သူဖြစ်သည်။

SKY



## Princess Hours မှ Kim Jeong Hoon အမှုရင်ဆိုင်နေရ

အဆိုတော်၊ သရုပ်ဆောင် Kim Jeong Hoon ကိုPrincess Hours တွင် ဒုတိယမင်းသားအဖြစ် ပရိသတ်အားပေးမှုရရှိခဲ့ပြီး အောင်မြင်မှုကို မထိန်းသိမ်းနိုင်ဘဲ အမှုရင်ဆိုင်နေရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၀၅ခုနှစ်တွင် Princess Hours နှင့် ကမ္ဘာကျော်ခဲ့သော Kim Jeong Hoon သည်ရုပ်သံနှင့်ရုပ်ရှင်ကားများစွာတွင် ပါဝင်ထားပြီး မကြာမီက ဆိုးလ်မြို့၌ နံနက်သုံးနာရီ အရက်မူးကားမောင်းခဲ့ကာ ယခင်ကလည်း ပြုလုပ်ခဲ့ပြီး ယခုတစ်ကြိမ်တွင် စစ်ဆေးမှုကို ငြင်းဆန်ခဲ့၍ ဖမ်းဆီးခံခဲ့ရသည်။

Kim Jeong Hoon မှာ ဂျပန်တွင် ဖျော်ဖြေပွဲစီစဉ်ထား၍ ကတိကဝတ်အတိုင်း ဖျော်ဖြေအပြီး စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန် နေအိမ်ပြန်ခွင့်ပြုခဲ့ပြီး ထပ်မံစစ်ဆေးရန်နှင့် ထပ်မံဆင့်ခေါ်ရန် စီစဉ်ထား၍ အမှုရင်ဆိုင်နေရသည်။

SKY

## Zero baseone အဖွဲ့ဝင် Zhanghao ကTaehyung ဓာတ်ပုံနှင့်တူအောင် ရိုက်ထား



ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ Zero baseone မှ Zhanghao က သူ၏အကြိုက်ဆုံး အနုပညာရှင် V ခေါ် ကင်ထယ်ယောင်း၏ D'Festa Frame နှင့် Photo booth တွင် ပိုစ့်တူအောင်ပေး၍ ဓာတ်ပုံရိုက်ထားသောပုံများ ပရိသတ်ကို မျှဝေပေးထားသည်။

Zero baseone အဖွဲ့ဝင် Zhanghao သည်အဆိုပါဓာတ်ပုံစာအုပ်မှ ကင်ထယ်ယောင်း၏ ဓာတ်ပုံနှင့်ဆင်တူစွာ ရိုက်ကူးထားသောပုံများကို Cmt တွင် ဗီဒီယိုဖိုင်ပြုလုပ်၍ Dispatch LGS တွင် တင်ထားသည်ကို တွေ့ရသည်။

Zhanghao လေးစားအားကျ၍ ကြိုက်နှစ်သက်ခဲ့သော အနုပညာရှင် ကင်ထယ်ယောင်းမှာ လက်ရှိသင်တန်းတက်နေသောလည်း ထွက်ရှိထားသော ဂီတအယ်လ်ဘမ်များနှင့် ကမ္ဘာကျော်အဆိုတော်များဖြစ်ကြသည့် တေလာဆွစ်၊ စလီနာဂိုလ်းမက်၊ဘီလီအင်ဂလိပ်တို့မှ ထိပ်ဆုံး လေးဦးစာရင်းဝင် အင်စတာဂရမ်ကျော်ကြားသူဖြစ်သည်။

SKY



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ဩဂုတ် ၂၃ ရက်က အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် ယူကရိန်းသမ္မတ ဇေလင်စကီးတို့နှစ်ဦး ကိယက်ဗ်မြို့တော်၌ တွေ့ဆုံဆွေးနွေးစဉ်။ Mon

## အမေရိကန်လုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန် တရုတ်နိုင်ငံသို့ နောက်တစ်ပတ်တွင် သွားရောက်မည်




**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်လုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန် တရုတ်နိုင်ငံသို့ နောက်တစ်ပတ်တွင် သွားရောက်မည်ဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

၂၀၁၆ခုနှစ်က အမေရိကန်လုံခြုံရေးအကြံပေးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၄င်းအနေဖြင့် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်အလည်အပတ်သွားရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီအစဉ်သည် အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံတင်းမာမှုကို အမေရိကန်ဘက်က အလျှော့ပေးဆက်ဆံလိုသည့်သဘောသက်ရောက်မည်မဟုတ်ကြောင်း အမေရိကန်ထိပ်တန်းအရာရှိတစ်ဦးက ရှင်းပြသည်။

ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည့် ခရီးစဉ်အတွင်း ဂျိတ်ခ်ဆူလီဗန်က တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံမည်ဟု ဆိုသည်။

၄င်းတို့နှစ်ဦးတွေ့ဆုံစဉ် တရုတ်နှင့် အမေရိကန်ပြည်ထောင်စုအကြား တင်းမာနေသော လုံခြုံရေးအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဟု ဆိုသည်။

ထို့ပြင် နှစ်နိုင်ငံနှင့် သက်ဆိုင်သောနည်းပညာပိုင်းဆိုင်ရာ လုံခြုံရေး၊ အမျိုးသားလုံခြုံရေး၊ မြောက်ကိုရီးယားအရေး၊ အရှေ့အလယ်ပိုင်းအရေး စသည်တို့နှင့် ပတ်သက်၍လည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ Mon

## အလုပ်ချိန်ပြင်ပ စေခိုင်းမှုများကို ငြင်းဆိုနိုင်ရန် ဩစတြေးလျနိုင်ငံတွင် ဥပဒေတစ်ရပ် ပြဌာန်း

**ကင်ဘာရာ ဩဂုတ် ၂၄**

အလုပ်ချိန်ပြင်ပတွင် အလုပ်ရှင်က အလုပ်နှင့်ပတ်သက်သည့် စေခိုင်းမှုများရှိပါက အလုပ်သမားများအနေဖြင့် ငြင်းဆိုနိုင်သည့် ဥပဒေတစ်ရပ်ကို ဩစတြေးလျနိုင်ငံက လာမည့် ဩဂုတ် ၂၆ ရက်၌ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ထိုဥပဒေတွင် အလုပ်သမား ဦးရေ ၁၅ ယောက်နှင့် ၁၅ ယောက် အထက်ရှိသည့် လုပ်ငန်းများ အကျုံးဝင်ပြီး အသေးစားလုပ်ငန်းများနှင့် ပတ်သက်၍ လာမည့်နှစ် ဩဂုတ်လမှ စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

ယင်းဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ ကိုယ်ပိုင်အချိန် ပိုမိုရရှိစေရန်နှင့် အလုပ်ဖိစီးမှုများ အတော်အသင့်လျှော့ချနိုင်စေရေးအတွက်ဖြစ်သည်။

အလားတူဥပဒေမျိုးကို ပြင်သစ်၊ ဂျာမဏီနှင့် အခြား ဥရောပနိုင်ငံကြီးများတွင်လည်း ကျင့်သုံးလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0





## ဗြိတိန်နှင့် တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စ ရှီကျင့်ဖျင်ထံသို့ ကီယာစတာမာ ဆက်သွယ်ပြောကြား

**လန်ဒန် ဩဂုတ် ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်ထံသို့ ဗြိတိသျှဝန်ကြီးချုပ် ဆာကီယာစတာမာ ဩဂုတ် ၂၃ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့နှစ်နိုင်ငံအကြားရှိ သဘောထားကွဲလွဲမှုများနှင့် ပတ်သက်၍ အပြန်အလှန်ရိုးသားပွင့်လင်းစွာ ပြောဆိုညှိနှိုင်းကာ ပိုမိုနီးကပ်သော စီးပွားရေးနှင့် ကမ္ဘာ့အရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်သွားစေလိုကြောင်း ဆာကီယာစတာမာက ထည့်သွင်းပြောကြားသည်။

ဝန်ကြီးချုပ် ဆာကီယာစတာမာက သမ္မတ ရှီကျင့်ဖျင်နှင့် တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်စကားပြောလိုသည်ဟု ဗြိတိန်နိုင်ငံဘက်က ကမ်းလှမ်းသဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon

## ဂျာမနီနိုင်ငံ ဆိုလီဂျင်မြို့လယ်၌ ဓားထိုးတိုက်ခိုက်မှုဖြစ်ပွား လူသုံးဦး သေဆုံး

**ဘာလင် ဩဂုတ် ၂၄**

ဂျာမနီနိုင်ငံ ဆိုလီဂျင်မြို့လယ်၌ ည ၁၂ နာရီ အချိန်ခန့်က ဓားထိုးတိုက်ခိုက်မှု ဖြစ်ပွားရာ လူသုံးဦး သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပျော်ပွဲရွှင်ပွဲကျင်းပနေသော နေရာရှိ စင်မြင့်တေဂီတဖျော်ဖြေပွဲတွင်ပရိသတ်များအကြား ယင်းဓားထိုး တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေများက ထုတ်ဖော်ပြောကြားသည်။

စင်မြင့်ပေါ်သို့ လူစိမ်းတစ်ဦး တက်လာကာ သီချင်းဆိုရင်း မျက်နှာရိပ်မျက်နှာကဲပြပြီးနောက် အဆိုပါ ဓားထိုးတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေ ဖိလစ်မှုယယ်လာက ရှင်းလင်းပြောကြားသည်။

အခင်းဖြစ်နေရာတစ်ဝိုက်တွင် ဓားထိုးခံရသူများ ပုံလျက်သားလဲကျသွားသဖြင့် ရုတ်ရုတ်သဲသဲဖြစ်ခဲ့သော်လည်း ပွဲကျင်းပနေခြင်းကို ထိခိုက်မှုမရှိခဲ့ကြောင်း ပွဲစီစဉ်သူတစ်ဦးက ပြောကြားသည်။

အဓိကသံသယရှိသူ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ရဲတပ်ဖွဲ့ဝင်များက လမ်းများကို ပိတ်ဆို့ကာ ၄င်းကိုလက်ရဖမ်းဆီးနိုင်ရန် အပူတပြင်းလိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

Mon

0-0-0-0-0




## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုအခြေအနေဆိုးရွား လူပေါင်း သုံးသန်းခန့် ရေဘေးသင့်၊ လူနှစ်ဦး သေဆုံး

**ဒက္ကာ ဩဂုတ် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုအခြေအနေဆိုးရွားနေပြီး လူပေါင်း သုံးသန်းခန့် ရေဘေးသင့်လျက်ရှိရာ ထိုရေဘေးကြောင့် လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်အပတ်က မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မြစ်ကြီးငါးစင်းထဲ၌ မြစ်ရေများ စိုးရိမ်ရေမှတ်အသီးသီးကို ကျော်လွန်ရောက်ရှိခဲ့သည်။

ဖေနီ၊ မိုလဗီဘဇား၊ ဟာဘီဂန့်ဂျ်၊ ကိုမီလာနှင့် စစ်တကောင်းခရိုင်တို့တွင် ရေကြီးမှုအခြေအနေအဆိုးရွားဆုံးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သဘာဝဘေးစီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်သည်။

"ကျွန်တော့်တစ်သက်မှာ ဒီလောက်များတဲ့မိုးနဲ့ ဒီလောက်ကျယ်ပြောတဲ့ ရေလွှမ်းမှုမျိုး မမြင်ဖူးခဲ့ပါဘူး" ဟု ဖေနီခရိုင်မှ ဒေသခံတစ်ဦးဖြစ်သူ မိုဟာမက်မာဆမ်က ထုတ်ဖော်ပြောကြားသည်။



အိမ်နီးချင်းအိန္ဒိယနိုင်ငံဘက်မှ ဆည်ရေများလွှတ်လိုက်သဖြင့် မိမိတို့နိုင်ငံဘက်တွင် ရေကြီးခဲ့ခြင်းဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်ကျောင်းသားများ စွပ်စွဲပြောဆိုခဲ့ကြသည်။

ယင်းစွပ်စွဲမှုမမှန်ကန်ဟု ဩဂုတ် ၂၂ ရက်တွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ရှင်းလင်းခဲ့ကြောင်း သိရသည်။

Mon

## စင်ကာပူ ဗဟိုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ ၁၂ ရက် စီမံချက်ဖြင့် မူးယစ်ဆေးများ သိမ်းဆည်း

**စင်ကာပူ ဩဂုတ် ၂၄**

စင်ကာပူအစိုးရ ဗဟိုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က ၁၂ ရက် စီမံချက်ဖြင့် မူးယစ်ဆေးများ သိမ်းဆည်းရမိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုစီမံချက်ကာလအတွင်း အသက် ၆၇ နှစ်အရွယ် စင်ကာပူနိုင်ငံသား ယောက်ျားတစ်ဦးထံမှ ဘိန်းဖြူ ၉ဒသမ ၅ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့သည်မှာ အများဆုံးဖြစ်သည်။

လက်ရဖမ်းဆီးနိုင်ခဲ့သော မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအနက် ၁၅ နှစ်အရွယ် ယောကျ်ားလေးမှာ အသက်အငယ်ဆုံး ဖြစ်ကြောင်းသိရသည်။

Mon

## လူထုအခြေပြုပဟိုဌာနတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပ

**ရှာင် ဩဂုတ် ၂၄**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု




တားဆီးကာကွယ်ရေးအသိပညာပေး Talk Showဆွေးနွေးပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်ကအသိပညာပေး Talk Show ဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်း၏အဓိပ္ပာယ်၊ အကြမ်းဖက်မှုအမျိုးအစားများ၊ အကြမ်းဖက်ခြင်းဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကျား၊မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်များကို ဖြေရှင်းဆောင်ရွက်ပေးပုံကို အသေးစိတ်ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ Talk Show ဆွေးနွေးပွဲကို ရှာင်မြို့နယ်ပြည်သူ့စာကြည့်တိုက်၊ အပျိုစင်ဒေသ Facebook Page ရှာင်မြို့နယ် Telegram တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ) (၃၃၈)**



## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော

**ရေဦး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်၊ ရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်ဝင်းလှိုင်က မူးယစ်ဆေးဝါးစတင်ပေါ်ပေါက်လာခဲ့ပုံ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်ရာဒေသများ၊ နိုင်ငံအတွင်း နည်းလမ်းပေါင်းစုံအသုံးပြုလျက် တရားမဝင်မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ရှာဖွေဖမ်းဆီးအရေးယူဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းတို့ကိုလည်းကောင်း၊ ထို့ပြင် ရဲမှူးက သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်စေရေးနှင့်ပတ်သက်၍ မိဘအုပ်ထိန်းသူများ သတိပြုလိုက်နာရမည့်အချက်များ၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ကလေးငယ်များ သတိပြုရမည့်အချက်နှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကိုပါ ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတာဝန်ရှိသူများက အမျိုးသမီးငယ်များအား ခြိမ်းခြောက်လာသော သက်ငယ်မုဒိမ်းမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မြိတ် ဩဂုတ် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၂၂ ရက် ညနေ ၄ နာရီက မြိတ်မြို့နယ်၊ ဆင်ဝင်းကျေးရွာအနီးတွင် သက်နိုင်ဦး(ခ)တင့်နိုင်ဦး ဆိုသူမောင်းနှင်ပြီး ကြည်လွင်(ခ)ငွေဆန်းဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီခွဲက သက်သေနှင့်တကွ ထွန်းဝင်း(ခ)ကြောင်ကြီး ဆိုသူတို့အား အဆိုပါနေရာ၌ မော်တော်ဆိုင်ကယ်တစ်စီး၊ စိတ်ကြွရူး သွပ်ဆေးပြား ၄၀၀၀၀ နှင့်အတူ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် သက်နိုင်ဦး(ခ)တင့်နိုင်ဦး (၄၀) နှစ်၊ ကြည်လွင်(ခ)ငွေဆန်း ၃၇ နှစ်၊ သက်ဝေ (၃၅)နှစ်နှင့် ထွန်းဝင်း(ခ) ကြောင်ကြီး (၅၄) နှစ်ဆိုသူတို့အား မြိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ) (မန္တလေးနေ့စဉ်သတင်းအဖွဲ့)**







## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် ဩဂုတ် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၂၂ ရက် ညနေ ၄ နာရီခွဲက တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ထွန်းကျော်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထွန်းကျော် (၃၉)နှစ်ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

o-o-o-o-o-o-o

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Htet Nandar Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပေါက်တိုင်းကျေးရွာနေ ထက်နန္ဒာလွင်အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Min Min Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျောင်းကုန်းကျေးရွာနေ မင်းမင်းဦး(ခ)ထွန်းထွန်းလင်းအား ညနေ ၅ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ "Nay Moe Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ကျော်ဇေယျ (ခ)နေမိုးလွင်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Kaung Htet Moe" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရေထွက်ကျေးရွာနေ ကောင်းထက်မိုး(ခ)ကောင်းကြီးအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၂) အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၂)၊အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ် ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်း တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘောလုံးအားကစားအသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ် ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ တင်ထွန်းက အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်မယ့် ပဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ၌ နေပြည်တော်မှာကျင်းပပြုလုပ်မယ့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို အဆင့်အတန်းမီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၂) အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသားလူငယ်များ ဗလငါးတန်ဖြင့် ပြည့်စုံတဲ့ လူငယ်တွေဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် ကာယဗလနှင့်ပြည့်စုံရေး၊ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပြုလုပ်ခြင်းသည် မရှိမဖြစ် အရေးကြီးပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် တစ်ခုဖြစ်သည့် "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်မည် ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအချင်းချင်း စည်းလုံးညီညွတ်မှုရရှိရေးနှင့် ဘောလုံးကစားခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာစေရန် ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဆေးပညာရှင်များအနေဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် Team Work ဖြင့် ဆောင်ရွက်ရသည့်အတွက် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကို ဘောလုံးကစားခြင်းဖြင့် ပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ တင်ထွန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ ဘောလုံးပြိုင်ပွဲအား ဆက်လက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဝဲပုံ)**

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၂)၊ အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲများကို နေပြည်တော်တွင် ဩဂုတ် ၂၃ ရက်မှ ၂၅ရက်အထိ နေ့စဉ် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်းသိရသည်။

(ဝဇ၃)

## ၂၀၂၂ ခုနှစ် EPS - TOPIK စာမေးပွဲအောင်မြင်ပြီး အလုပ်လျှောက်လွှာသက်တမ်းကျန်ရှိနေသူများ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားနိုင်

ရန်ကုန် ဩဂုတ် ၂၄

Employment Permit System–EPS စနစ်ဖြင့် ၂၀၂၂ ခုနှစ် EPS–TOPIK စာမေးပွဲ (စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း) ဖြေဆိုအောင်မြင်၍ အလုပ်လျှောက်လွှာသက်တမ်းကျန်ရှိပြီး အလုပ်ရှင်နှင့် မိတ်ဆက်မခံရသေးသူများ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်း POEA–EPS မှ အသိပေးကြေညာထားသည်။

၂၀၂၂ ခုနှစ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ(စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း) အောင်မြင်၍ အလုပ်လျှောက်လွှာတန်းစီဇယားသက်တမ်းကျန်ရှိပြီး အလုပ်ရှင်နှင့်မိတ်ဆက်မခံရသေးသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်း(Forestry) သို့ လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်နိုင်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်လိုသူများ သိရှိရန်ဟု POEA–EPS မှ ဩဂုတ် ၂၄ ရက်တွင် အသိပေးကြေညာထားသည်။

အဆိုပါအသိပေးကြေညာချက်နှင့်အတူ HRD– Korea မှ ပေးပို့လာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခွင့်ရရှိသူ ၁၃ဖ၆ ဦး၏ အမည်စာရင်းနှင့် စာမေးပွဲခုံအမှတ်ကိုလည်း ပူးတွဲကြေညာထားသည်။

အလုပ်လျှောက်လွှာတန်းစီဇယားသက်တမ်းသည် လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း သက်တမ်းကုန်ဆုံးမည့်ရက်အထိ ဖြစ်ကြောင်း ပါရှိသည်။ လုပ်ငန်းပြောင်းရွှေ့လျှောက်ထားလိုသူများသည် ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း POEA ရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီး ရုံးသို့ လာရောက်လျှောက်ထားရာတွင် နိုင်ငံကူးလက်မှတ် (မူရင်းနှင့်မိတ္တူ) စာမေးပွဲဖြေဆိုခွင့်အမှတ်စဉ် တင်ပြရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ သစ်တောလုပ်ငန်းသို့ ပြောင်းရွှေ့ခြင်းသည် အလုပ်အကိုင်ရရှိမည်ဟု အာမမခံပါကြောင်းနှင့် EPSစနစ်အရ အလုပ်ရှင်စိတ်ကြိုက်ရွေးချယ်ခြင်းသာဖြစ်ကြောင်းနှင့် သစ်တောလုပ်ငန်းအတွက် တန်းစီဇယားလုံလောက်ပါက မူလလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသို့ ပြန်လည်ပြောင်းရွှေ့ခွင့်ပြုကြောင်းလည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ(POEA–EPS) မှ အသိပေးထားသည်။

MT

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တပ်ကုန်း ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေနေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးဆောင်ပြီး ကျောင်းသား၊ ကျောင်းသူများအား အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ သိရှိစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းခမ္မာရုံတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဒေါ်မြတ်မွန်မွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်သဇင်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအကြောင်းတို့ကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် ဟောပြောခဲ့ပြီးနောက် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရဲနန္ဒာစိုးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။ ဟောပြောပွဲသို့ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *

## ပြည်တွင်း၌ ကြက်သွန်စိုက်ပျိုးစရိတ်များ မြင့်တက်နေ

**မြစ်သား ဩဂုတ် ၂၄**



ပြည်တွင်း၌ ဈေးကောင်းရ ရွှေဖလားကြက်သွန်နီ စိုက်ပျိုးစရိတ်များမြင့်တက်နေကြောင်း မြစ်သားမြို့နယ် ကြက်သွန်စိုက်တောင်သူများထံက သိရသည်။

မြစ်သားဒေသတွင် ၄က်ပျော စိုက်ပျိုးသူများ၊ မိုးဖရဲ စိုက်ပျိုးသူများသည် မြေငှားရမ်းကာ အခြားဒေသများမှ လာရောက်စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးရာတွင် ဈေးကွက်ဈေးကောင်းရရှိသည့် ရွှေဖလားကြက်သွန်မျိုးကို ဩဂုတ်လဆန်းပိုင်းတွင် မိုးစိုက်ရာသီအဖြစ်စိုက်ပျိုးကြရာ လက်ရှိ ဒေသစိုက်ပျိုးစရိတ်အနေဖြင့် တစ်ဧကလျှင်ငွေကျပ် သိန်း ၂၀ ဝန်းကျင် ကုန်ကျစရိတ်ရှိကြောင်း၊ ကြက်သွန်ဖော်ချိန်တွင် ကုန်ချိန် ၃၀၀၀ ခန့် ထွက်ရှိသောကြောင့် ငွေကျပ်သိန်း ၅၀ကျော် ပြန်လည်ရရှိရန် မျှော်မှန်းထားကြောင်း မြစ်သားမြို့နယ် ကြက်သွန်စိုက်တောင်သူ ကိုစိုးသိန်းက ပြောသည်။

"မြစ်သားဒေသမှာ မြေလွတ်မြေတွေ တောရှင်းပြီး မြေငှား စိုက်ပျိုးတာပါ။ လက်ရှိမှာ မိုးကြက်သွန်ကို ဩဂုတ်လဆန်းကနေ စတင်စိုက်ပျိုးတာပါ။ ရွှေဖလားကြက်သွန်(ဂျပ်ပြား) မျိုးကို ပေါင်စနစ်နဲ့ စိုက်ပျိုးပါတယ်။ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခ၊ သွင်းအားစု ထည့်သွင်းစရိတ်၊ ကြက်သွန်ဖော်၊ မြေငှားရမ်းခ စုစုပေါင်း စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၂၀ကျော် ကုန်ကျမှာပါ"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်း ကြက်သွန်စိုက်ဒေသများအနက် မြစ်သားကြက်သွန်များမှာ အရည်အသွေးကောင်းသောကြောင့် ဈေးကောင်းရလေ့ရှိကာ ရာသီ၊ ပိုးမွှားထိခိုက်မှုမရှိပါက တစ်ဧက ကြက်သွန်ကုန်ချိန် ပိဿာ ၃၀၀၀–၃၅၀၀ ခန့်ထွက်ရှိရန် မျှော်မှန်းထားကြောင်း တောင်သူများက ဆိုသည်။

လက်ရှိအချိန်တွင် မြစ်သားကြက်သွန် တစ်ပိဿာလျှင် စိုက်ခင်းဈေး ငွေကျပ် ၁၆၀၀၀ ခန့် ပေါက်ဈေးရှိရာ ကြက်သွန်စိုက်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်နှင့် ပြန်လည်ရရှိမည့်အချိုးမှာ နှစ်ဆတစ်ဆဖြစ်သောကြောင့် တောင်သူများ အဆင်ပြေသည့်အခြေအနေရှိသည်။

မိုးစိုက်ကြက်သွန် စိုက်ပျိုးခြင်းကို ဩဂုတ်လဆန်းမှ အောက်တိုဘာလကုန်ပိုင်းတွင် စတင်ဖော်ကြမည်ဖြစ်ရာ ပြည်တွင်းဈေးကွက်အပြင် ပြည်ပတင်ပို့မှုရှိပါက ကြက်သွန်ဈေးမြင့်ရရှိရန် မျှော်မှန်းစိုက်ပျိုးကြသည်။

ပြည်တွင်းကြက်သွန်ဈေးကွက်မှာ လက်ရှိလက်ကားဈေးကွက်တွင် တစ်ပိဿာငွေကျပ် ၂၀၀၀ ပေါက်ဈေးရှိကာ စိုက်ခင်းဈေး တစ်ပိဿာငွေကျပ် ၁၆၀၀ ခန့် ပေါက်ဈေးရှိနေသည်။

**ရွှေမန်း**

ဝ–ဝ–ဝ–ဝ–ဝ

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၂)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| ပါးမား | ၂ | - | ၁ | အေစီမီလန် |
| အူဒီနီစ် | ၂ | - | ၁ | လာဇီယို |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၂)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၀ | - | ၂ | မိုနာကို |
| လိုင်လီ | ၂ | - | ၀ | အန်ဂါးစ် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၂)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၀ | မာယော့ကာ |
| ဘာစီလိုနာ | ၂ | - | ၁ | ဘီလ်ဘာအို |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၁)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၂ | - | ၂ | ဝါဒါဘရီမင် |
| ဖရိုင်းဘတ် | ၃ | - | ၁ | စတုဂတ် |
| ဟော့ဖန်ဟိမ်း | ၃ | - | ၂ | ဟော်စတိုင်ကီလ် |
| မိန့်ဇ် | ၁ | - | ၁ | ယူနီယံဘာလင် |
| လိုက်ပဇစ် | ၁ | - | ၀ | ဘိုချမ် |
| ဒေါ့မွန် | ၂ | - | ၀ | ဖရန့်ဖတ် |




## ဂွန်ဒိုဂန် မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၁၉ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မန်ချက်စတာ ဩဂုတ် ၂၄**

ကွင်းလယ်ကစားသမား ဂွန်ဒိုဂန် မန်ချက်စတာစီးတီး အသင်းတွင် ကျောနံပါတ် ၁၉ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းမှ မန်ချက်စတာစီးတီးအသင်းသို့ ၁နှစ် + ၁နှစ် သက်တမ်းတိုးခွင့် စာချုပ်ဖြင့် ပြောင်းရွှေ့ ရောက်ရှိလာခဲ့သည်။

ကွင်းလယ်ကစားသမား ဂွန်ဒိုဂန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၁ ပွဲကစားကာ ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(ဓါတ်ပုံ)(NGB)



## ဆက်ပန်ဒန်ဘတ်ချ်အား ဘရန့်ဖို့ဒ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၄**

ဘရန့်ဖို့ဒ်အသင်းသည် လီဗာပူးအသင်း နောက်ခံကစားသမား ဆက်ဗန်ဒန်ဘတ်ချ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ် ၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဆက်ဗန်ဒန်ဘတ်ချ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းမှ မိန့်ဇ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၅ ပွဲကစားကာ ၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ဘရန့်ဖို့ဒ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (NGB)

### ဘောလုံးသတင်း အတိုအထွာများ

* နောက်ခံကစားသမား ထရစ်ပီယာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် နယူးကာဆယ်အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။
* အေစီမီလန်အသင်း တိုက်စစ်မှူး ရာဖေးလီယာအိုက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသောသတင်းများသည် ကောလာဟာလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ (NGB)

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

(၁၉) ဝုပ် - ချဲလ်ဆီး (၁၇)

ဩဂုတ် ၂၅ ရက်(တနင်္ဂနွေနေ့)ည ၇း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | ဝုပ် | ၀-၀ | ချဲလ်ဆီး | ၂-၂ | ဝုပ် |
| ၂၀၂၂-၂၃ | ။ | ၁-၀ | ။ | ၃-၀ | ။ |
| ၂၀၂၃-၂၄ | ။ | ၂-၁ | ။ | ၂-၄ | ။ |

**နှစ်သင်း၏ (ပွဲစဉ်-၁)ရလဒ်**

အာဆင်နယ် ၂-၀ ဝုပ်　　ချဲလ်ဆီး ၀-၂ မန်စီးတီး

သရေကျရန် နီးစပ်သော်လည်း အနိုင်ရမည်ဆိုပါက ချဲလ်ဆီးသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

(၃) လီဗာပူး - ဘရန့်ဖို့ဒ် (၆)

ဩဂုတ် ၂၅ ရက်(တနင်္ဂနွေနေ့)ည ၁၀း၀၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | လီဗာပူး | ၃-၀ | ဘရန့်ဖို့ဒ် | ၃-၃ | လီဗာပူး |
| ၂၀၂၂-၂၃ | ။ | ၁-၀ | ။ | ၃-၁ | ။ |
| ၂၀၂၃-၂၄ | ။ | ၃-၀ | ။ | ၁-၄ | ။ |

**နှစ်သင်း၏ (ပွဲစဉ်-၁)ရလဒ်**

အစ်ဆွစ်ချ် ၀-၂ လီဗာပူး　　ဘရန့်ဖို့ဒ် ၂-၁ ခရစ္စတယ်ပဲလေ့စ်

လီဗာပူးအသင်းတို့ အိမ်ကွင်းတွင် ခြေစွမ်းအသာဖြင့် ဘရန့်ဖို့ဒ်အသင်းအား ဂိုးပြတ်အနိုင်ရယူသွားမည်ဖြစ်သည်။

## 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Lorenzo Sonego တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အီတလီတင်းနစ်ကစားသမား Lorenzo Sonego တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Lorenzo Sonego သည် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံ တင်းနစ်ကစားသမား David Goffin အား ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Sonego နှင့် အမေရိကန် တင်းနစ်ကစားသမား Alex Michelsen တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည၉း၃၀နာရီ | (၁၅)ရီးရဲလ်မက်ဒရစ် - ပယ်လာဒိုးလစ်(၅) (D) (W) | ရီးရဲလ်မက်ဒရစ် ၆-၀ ပယ်လာဒိုးလစ် / ပယ်လာဒိုးလစ် ၀-၂ ရီးရဲလ်မက်ဒရစ် |
| ။ | ည၁၁း၃၀နာရီ | (၁၀)လီဂါနက်စ် - လက်ပါးမက်စ်(၆) (D) (D) | လီဂါနက်စ် ၀-၀ လက်ပါးမက်စ် / လက်ပါးမက်စ် ၂-၀ လီဂါနက်စ် |
| ။ | ည၁၁း၄၅နာရီ | (၁၇)အလာဗက်စ် - ဘက်တစ်(၁၂) (L) (D) | အလာဗက်စ် ၁-၁ ဘက်တစ် / ဘက်တစ် ၀-၀ အလာဗက်စ် |
| ၂၆-၈-၂၀၂၄ တနင်္လာနေ့ | နံနက်၀၂း၀၀နာရီ | (၇)အေတီကို - ဂျီရိုနာ(၈) (D) (D) | အေတီကို ၃-၁ ဂျီရိုနာ / ဂျီရိုနာ ၄-၃ အေတီကို |

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည ၁၁း၀၀နာရီ | (၁၀)ဖီအိုရင်တီးနား - ဗီနီဇီယာ(၁၇) (D) (L) | ဖီအိုရင်တီးနား ၁-၀ ဗီနီဇီယာ / ဗီနီဇီယာ ၁-၀ ဖီအိုရင်တီးနား |
| ။ | ။ | (၈)တိုရီနို - အတ္တလန္တာ(၁) (D) (W) | တိုရီနို ၃-၀ အတ္တလန္တာ / အတ္တလန္တာ ၃-၀ တိုရီနို |
| ၂၆-၈-၂၀၂၄ တနင်္လာနေ့ | နံနက်၀၁း၁၅နာရီ | (၁၉)နာပိုလီ - ဘိုလော့ဂ်နာ(၉) (L) (D) | နာပိုလီ ၀-၂ ဘိုလော့ဂ်နာ / ဘိုလော့ဂ်နာ ၀-၀ နာပိုလီ |
| ။ | ။ | (၁၆)ရိုးမား - အမ်ပိုလီ(၁၄) (D) (D) | ရိုးမား ၇-၀ အမ်ပိုလီ / အမ်ပိုလီ ၂-၁ ရိုးမား |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၃း၃၀နာရီ (ရန်ကုန်ကွင်း) | (၂)ရန်ကုန် - ရှောဝတီ(၉) (D,W,D,W,W) (L,L,W,L,L) | ရန်ကုန် ၄-၁ ရှောဝတီ / ရှောဝတီ ၁-၂ ရန်ကုန် |
| ။ | ညနေ ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၃)ဟံသာဝတီ - ISPE(၈) (D,W,W,W,L) (L,W,W,L,L) | ဟံသာဝတီ ၁-၂ ISPE / ISPE ၃-၀ ဟံသာဝတီ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | (၆)လန်းစ် - ဘရက်(၁၈) (W) (L) | လန်းစ် ၁-၀ ဘရက် / ဘရက် ၃-၂ လန်းစ် |
| ။ | ည၉း၃၀နာရီ | (၈)နန့်တက်စ် - အော်ဇေး(၅) (D) (W) | နန့်တက်စ် ၁-၀ အော်ဇေး / အော်ဇေး ၂-၁ နန့်တက်စ် |
| ။ | ။ | (၁၂)နိုက်စ် - တူးလော့စ်(၉) (L) (D) | နိုက်စ် ၁-၀ တူးလော့စ် / တူးလော့စ် ၂-၁ နိုက်စ် |
| ။ | ။ | (၁၀)စထရာဘော့ - ရင်းနက်စ်(၃) (D) (W) | စထရာဘော့ ၂-၀ ရင်းနက်စ် / ရင်းနက်စ် ၁-၁ စထရာဘော့ |
| ၂၆-၈-၂၀၂၄ တနင်္လာနေ့ | နံနက်၀၁း၁၅နာရီ | (၂)မာဆေးလ် - ရမ်းစ်(၁၅) (W) (L) | မာဆေးလ် ၂-၁ ရမ်းစ် / ရမ်းစ် ၁-၀ မာဆေးလ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည၈း၀၀နာရီ | ဝုဗ်ဘတ် - ဘိုင်ယန်မြူးနစ် | ဝုဗ်ဘတ် ၁-၂ ဘိုင်ယန်မြူးနစ် / ဘိုင်ယန်မြူးနစ် ၂-၀ ဝုဗ်ဘတ် |
| ။ | ည၁၀း၀၀နာရီ | စိန့်ပေါ်လီ - ဟိုက်ဒန်ဟိမ်း | ———— |

### အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | (၉)ဘုန်းမောက် - နယူးကာဆယ်(၈) (D) (W) | ဘုန်းမောက် ၂-၀ နယူးကာဆယ် / နယူးကာဆယ် ၂-၂ ဘုန်းမောက် |

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် ချမ်းမြသာစည်လေဆိပ်ရှိ သီးခြားကန့်သတ်ကုသဆောင်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် ချမ်းမြသာစည်လေဆိပ်ရှိ သီးခြားကန့်သတ်ကုသဆောင်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုခဲ့သည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းမြသာစည်လေဆိပ်ရှိ သီးခြားကန့်သတ်ကုသဆောင် (ယခင် ၂၀၄ ခုတင်ဆံ့၊ ကိုဗစ်သီးခြားကုသဆောင်)သို့ ရောက်ရှိပြီး ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းဆောင်ရွက်စဉ်က အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိမှု၊ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ချက်ချင်းအသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ အဆောင်ပရဝဏ်အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဆက်လက်၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်ဦးဆောင်သောအဖွဲ့၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးရုံပရဝဏ်အတွင်းအပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)ဝင်ပေါက်တွင် Mpox(မျောက်ကျောက်)ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်နေမှု၊ သံသယလူနာတွေ့ရှိပါက လေဆိပ်တွင် ခေတ္တ isolation ထားရှိနိုင်မည့်နေရာ ပြင်ဆင်ထားရှိမှုနှင့် လွှဲပြောင်းဆေးရုံအဖြစ် သတ်မှတ်ထားရှိသော မန္တလေးပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျလွှဲပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ ဆောင်ရွက်ထားရှိမှု စသည့် Mpox(မျောက်ကျောက်)ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်နေ့တွင် Mpox(မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေသတ်မှတ်ချက်အရ Mpox(မျောက်ကျောက်)ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို နီးနွယ်ဌာနများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန ကထုတ်ပြန်ထားသည့် Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေးနှိုးဆော်ချက်များကို သိရှိလိုက်နာခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် Mpox(မျောက်ကျောက်)ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်)ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုများနှင့် ကုသမှုခံယူရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ လျာထားစိုက်ပျိုးမှု ပြည့်မီရေး တွေ့ဆုံဆွေးနွေး

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဆီထွက်သီးနှံ လျာထားစိုက်ပျိုးမှု ပြည့်မီရေးအတွက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့သည် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။



တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဝန်ကြီးက စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများနှင့် ဆက်စပ်ထုတ်ကုန် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ လျာထားစိုက်ပျိုးမှု ပြည့်မီရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ လိုအပ်ချက်အရ လျာထားသတ်မှတ်ထားသည့် ဆီထွက်သီးနှံများနှင့် ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာစေရန် လိုအပ်သည်များကို ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

**၀-၀-၀-၀-၀**

**သတင်း-စာမျက်နှာ ၁၂မှ**






# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဇေယျာသီရိ ဩဂုတ် ၂၄**

နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ရေဆင်း အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဇေယျာသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မာနှင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇေယျာသီရိမြို့နယ်၊ ပြန်/ဆက်ဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတတိုးပွားလာစေရန်ရရှိသည့် ဗဟုသုတများကို ပြန်လည် မျှဝေပေးနိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နှုတ်စွမ်းရည်များ တိုးတက်ပြီး ပရိသတ်ရှေ့တွင် ပြောရဲ၊ ဆိုရဲ၊ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအောင်နေမျိုးထက်က အမှာစကားပြောကြားခဲ့ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ရည်မှန်းချက်စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင် ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည် ဆွေးနွေးဖြေကြားပေးခဲ့သည်။ ဆက်လက်၍ ရေဆင်းအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဖုန်းဆင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၈၄)

ဆရာပိုင်စိုးဝေ၏ အင်တာဗျူးသည် စာဖတ်သူများအတွက် အကျိုးရှိရုံသာမက ကျွန်တော်တို့အတွက်ပါ စာပေဆိုင်ရာ လေ့လာသင်ယူရမည့် သင်ခန်းစာများလည်း ဖြစ်နေသည်ဟု ဆိုရပေမည်။

**မေး** ➤ 'ဆယ့်နှစ်မျက်နှာ နာရီစင်' ဝတ္ထုတိုမှာ ဆရာရဲ့ 'ကမ်းဝေးခဲ့ပြီ' ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ပါတာ တွေ့ရတယ်။ အဲဒီစာအုပ်နဲ့ပတ်သက်ပြီး ကျွန်တော်မြင်တာပြောရရင် အဲဒီစာအုပ်ထဲမှာ အကြောင်းအရာသန့်တဲ့သူ၊ ပုံသဏ္ဌာန်သန့်တဲ့သူ၊ စိတ်ခံစားမှုသန့်တဲ့သူ စသဖြင့် လိုင်းပေါင်းစုံ ရောထွေးနေတယ်လို့ထင်တယ်။ အဲဒီလို လိုင်းပေါင်းစုံ ရောထွေးနေတဲ့ စာအုပ်ထဲမှာ ဆရာ ဝင်ရေးပေးခဲ့ရလို့ စာဖတ်ပရိသတ်ရဲ့ ဘယ်လိုတုံ့ပြန်မှုတွေ ရခဲ့ပါသလဲ။ သိပါရစေ။

**ဖြေ** ➤ ဟုတ်တယ်။ လိုင်းပေါင်းစုံ ရောထွေးနေတာ မှန်တယ်။ အဲဒီစာအုပ်ထွက်ခါနီးကာလ ကြော်ငြာတွေ ပြန်ဖတ်ကြည့်ရင်လည်း ရည်ရွယ်ချက်ကို ပိုပြီးသိနိုင်ပါတယ်။ ရင်ခုန်သံချင်းမတူတဲ့သူတွေ ပေါင်းစည်းထားတာပါ။ ရင်ခုန်သံချင်း မတူပေမယ့် ယုံကြည်ချက်ချင်း တူကြပါတယ်။

**မေး** ➤ ဘယ်လိုယုံကြည်ချက်လဲ ဆရာ။

**ဖြေ** ➤ ကိုယ့်ရင်ခုန်သံအတိုင်း ယုံယုံကြည်ကြည် ရေးကြမယ်ဆိုတဲ့ ယုံကြည်ချက်ပေါ့။

**မေး** ➤ လိုင်းမတူပေမယ့် ဂိုဏ်းတူတယ်ပေါ့ဆရာ၊ ဟုတ်လား။

**ဖြေ** ➤ ဟာဗျာ… မလုပ်စမ်းပါနဲ့၊ ဘာဂိုဏ်းလဲ။

**မေး** ➤ ရယ်စရာပြောတာပါဆရာ၊ လုပ်ပါဦး။ 'ဆယ့်နှစ်မျက်နှာ နာရီစင်' အကြောင်း။

**ဖြေ** ➤ အဲ… ကိုယ့်ရင်ခုန်သံအတိုင်း ယုံယုံကြည်ကြည် ရေးကြမယ်ပေါ့။ တူစရာမလိုပါဘူး။ မတူညီမှုတွေ ပေါင်းစည်းထားလို့လည်း စာဖတ်ပရိသတ်ကို တစ်စုံတစ်ရာ ဘာမှအနှောင့်အယှက်ဖြစ်စေလိမ့်မယ်လို့ မထင်ဘူးလေ။

**မေး** ➤ မတူညီမှုတွေပေါင်းစည်းပြီး စာဖတ်ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ဖမ်းယူဖို့ ကြိုးစားတာလား။ စာအုပ်ရောင်းကောင်းဖို့ ရည်ရွယ်တာလား ဆရာ။

**ဖြေ** ➤ အဲဒီလို မရည်ရွယ်ခဲ့တာတော့ အမှန်ပါ။ တကယ်တမ်းပြောရရင် ကျွန်တော်ဟာ ထုတ်ဝေသူတစ်ဦးလည်း မဟုတ်ပါဘူး။ စာရေးသူ သက်သက်ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပြောရဲပါတယ်။ ရိုးရိုးသားသားကိုပဲ ရင်ခုန်သံမတူတဲ့သူတွေ ပေါင်းစုမိခြင်းပါ။ မတူညီတာကတော့ သဘာဝပဲပေါ့လေ။ မတူညီဘဲနဲ့ စုစည်းခဲ့ရတာကတော့ ရိုးရိုးသားသားဝန်ခံရရင် လူချင်းနီးစပ်မှုသက်သက်ပါ။ လူချင်းနီးစပ်မှုဆိုတာ စကားကို နားလည်သဘောပေါက်စေချင်ပါတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ်ပေါ့လေ၊ ရန်ကုန်မှာပဲဖြစ်ဖြစ်၊ မန္တလေးမှာပဲဖြစ်ဖြစ် အလုပ်ဖြစ်အောင် နီးစပ်ရာ လက်တွဲလုပ်ကြရတဲ့ သဘောတွေရှိပါတယ်။

ပြောရမယ်ဆိုရင်ဗျာ… အဲဒီစာအုပ်လုပ်ဖို့ စပြီး စုစည်းလိုက်ကတည်းက စာအုပ်ဖြစ်ဖို့တောင် အဝေးကြီးလိုသေးတဲ့အချိန်မှာပဲ ဆော်ကုန်ကြပြီ။ ဒီအချက်ကတော့ 'ဆယ့်နှစ်မျက်နှာ နာရီစင်' ဟာ အရမ်းကို ဂုဏ်ယူဝမ်းမြောက်ဖို့ ကောင်းခဲ့ပါတယ်။

ရန်ကုန်မှာလည်း စာအုပ်ဆိုတာ နေ့စဉ်ထွက်နေတဲ့ကိစ္စပါ။ ဂျပန်နိုင်ငံမှာဗျာ… အိန္ဒိယနိုင်ငံမှာဗျာ… တစ်နေ့တစ်နေ့ စာအုပ်တွေ ဘယ်လောက်ထွက်နေကြသလဲ။ ဒါပေမယ့် စာအုပ်မထွက်ခင် အဲဒီစာအုပ်ထဲက အကြောင်းတစ်ကြောင်းတောင်မှ ဖတ်ခွင့်မရခင်မှာ ဘယ်နိုင်ငံကစာအုပ်ကိုများ အဝေဖန်ခံရဖူးလို့လဲ။ ဒါဟာ ကမ္ဘာ့စာပေသမိုင်းမှာ ကျုပ်တို့ 'ဆယ့်နှစ်မျက်နှာ နာရီစင်' ရဲ့ ထူးခြားတဲ့ ဝိသေသတစ်ခုပေါ့ဗျ။ မှတ်တိုင်တစ်ခုပေါ့ဗျ။

ကဲ… တော်ပြီဗျာ။ ခင်ဗျားဝင်ထောက်နေတာနဲ့ ခင်ဗျားမေးထားတဲ့ လိုရင်းအချက်တောင် ဘယ်ရောက်သွားမှန်းမသိဘူး။

**မေး** ➤ ဟုတ်ကဲ့… စိတ်မရှိပါနဲ့ဆရာ။ အဲဒီစာအုပ်ထဲမှာ ဝင်ရေးခဲ့ရလို့ စာပေ ပရိသတ်ဆီက ရရှိခဲ့တဲ့ တုံ့ပြန်မှုကလေး…။

**ဖြေ** ➤ စာအုပ်ထွက်လာတော့ ဝေဖန်သူတွေ တော်တော်များပါတယ်။ ရိုးရိုးသားသား ဝေဖန်သူ၊ မရိုးမသား ဝေဖန်သူ စုံလို့ပေါ့လေ။

ခင်ဗျားခွဲခြမ်းစိတ်ဖြာလိုက်တဲ့အတိုင်း ပြောရရင် ကျွန်တော်က စိတ်ခံစားမှုလိုင်းထဲမှာ ပါကောင်းပါမှာပေါ့။ ကျွန်တော့်ခံစားမှု၊ ကျွန်တော့်ဝတ္ထုနဲ့ပတ်သက်ပြီး ဘယ်သူတွေက ဘယ်လိုအားပေးတယ်၊ ကျွန်တော့်ပုံသဏ္ဌာန်ကိုရော၊ ကျွန်တော့်အနုပညာကိုပါ နားလည်ခံစားရတဲ့သူတွေ ဘယ်လောက်ရှိတယ်ဆိုတဲ့ ထောက်ခံချက်တွေ ထုတ်ပြပြီး ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်တဲ့အလုပ် လုပ်ရမှာ ကျွန်တော်ပျင်းပါတယ်။ ဆန့်ကျင်ဘက်တုံ့ပြန်ခံရတဲ့အပိုင်းကိုပဲ ကျွန်တော်ပြောတော့မယ်။

တချို့ဝေဖန်ရေးဆရာတွေက လူတစ်ယောက်ရဲ့ ခံစားမှုဆိုတာကို ကျူးရေထဲက အမှိုက်သရိုက်လောက် အောက်မေ့တတ်ကြတယ်။ ဖြစ်ရလေဗျာ။ ခံစားမှုမပါဘဲ သစ်ပင်တစ်ပင်တောင် စိုက်လို့မပေါက်နိုင်ဘူးဆိုတာ အဲဒီဝေဖန်ရေးဆရာကို ကျွန်တော်ပြောပြလိုက်ချင်ရဲ့။ အဲဒီလို ထုံထိုင်း အ,နတဲ့ ဝေဖန်ရေးဆရာတစ်ယောက်ဆီကတော့ ကျွန်တော်တို့ ဘာကိုမှမျှော်လင့်လို့ မရနိုင်ဘူးပေါ့လေ။

နောက်ပြီး 'ဆယ့်နှစ်မျက်နှာ နာရီစင်' ဆိုတာ အုပ်စုတစ်ခုလို သဘောထားပြီး ဒီအုပ်စုကို ဒီလိုဆော်လိုက်မှ ဘယ်အုပ်စုက ငါ့ကို ဘယ်လိုလက်ခံမယ်ဆိုတဲ့ ဝေဖန်ရေးမျိုးလည်းပါတယ်။ ဒီလူ့ကို ဒီလိုချိုးနှိမ်းထောမနာပြုလိုက်မှ နောင်တစ်ချိန် ငါဘယ်နေရာကို ရောက်နိုင်မယ်ဆိုတဲ့ အနာဂတ်မျှော် ဝေဖန်ရေးမျိုးလည်းပါတယ်။ မိန်းမတစ်ယောက်ကို အကြောင်းပြုတဲ့ ရည်းစားလုဖက် ဝေဖန်ရေးမျိုးလည်းပါတယ်။ ဒီအရေးအသား၊ ဒီပုံသဏ္ဌာန်ကို ဒီလိုဆော်လိုက်မှ ဘယ်ဆရာကြီးက ငါ့ကို တပည့်အဖြစ် မွေးစားလိမ့်မယ်ဆိုတဲ့ အန္တေဝါသိက လျှောက်လွှာပုံစံ ဝေဖန်ရေးမျိုးလည်းပါတယ်။

**မေး** ➤ ဆရာဝတ္ထုတွေဟာ စိတ်ခံစားမှုအပိုင်း ရှုတပြင်းပြပြီး ဇာတ်လမ်းမဲ့တဲ့ သဘောဆန်တယ်လို့ ထင်ပါတယ်။ ဟုတ်ပါရဲ့လား။

**ဖြေ** ➤ ကျွန်တော်ဟာ လွန်ကဲတဲ့ စိတ်ခံစားမှုကို ဦးစားပေး ရေးတတ်တာမှန်တယ်။ စာဖတ်ပရိသတ်အဖို့တော့ ဘယ်အတိုင်းအတာအထိ ခံစားရမလဲဆိုတာ မသေချာလှပါဘူး။ ကိုယ့်ဝတ္ထုတွေကို ကိုယ်ပြန်ဖတ်တဲ့အခါ အတတ်ပညာ ချို့တဲ့နေသေးတာကို တွေ့ရပါတယ်။ ဇာတ်လမ်းမဲ့တဲ့သဘောဆန်တယ်ဆိုတဲ့အပိုင်းမှာလည်း ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းဝေဖန်ဆန်းစစ်ကြည့်ရင် ကျွန်တော့်ဝတ္ထုတွေဟာ ထင်သလောက် ဇာတ်လမ်းမမဲ့သေးပါဘူး။ ပြောချင်တာက တကယ်တမ်း ဇာတ်လမ်းမဲ့ပြီး ဇာတ်ကောင်ကာရိုက်တာကို ဖော်ပြနိုင်တဲ့ဝတ္ထုမျိုး ကျွန်တော် ဟုတ်တိပတ်တိ မရေးတတ်သေးပါဘူး။

**မေး** ➤ 'အိပ်မက်ထဲသို့ ပျံသန်းခြင်း၊ မွေးနေ့၊ မြူတွေဝေ့ဆိုင်း အုံ့မှိုင်းရီ၊ ကျုံးမြို့ရိုး၏ အရှေ့ဘက်မျက်နှာ၊ ငါ့မာနကို ဖွဖွဆုပ်ကိုင် လှောင်ရယ်နိုင်သည်။ ထွက်ပြေးနေသော အလွမ်းသီချင်း၊ နေ့ရက်များပေါ် ပြန့်ကျဲသွားခြင်း၊ အမေ့အတွက် ကတ်တလောက် စာအုပ်သစ်၊ ဗုဒ္ဓဟူးနေ့မှ မိုင်ငါးရာ…' စတဲ့ဝတ္ထုတွေထဲက ဆရာ့ရင်ကို ထိခိုက်ကြေကွဲစေတဲ့ ဝတ္ထု၊ ဒါမှမဟုတ် ဘဝ၊ အချိန်၊ စည်းစိမ်ဥစ္စာ စတဲ့အရာတွေ ဆုံးရှုံးခံပြီးမှ ရရှိခဲ့တဲ့ ဝတ္ထုများ ရှိပါသလား။

**ဖြေ** ➤ အားလုံးဟာ တစ်စုံတစ်ရာ ပေးဆပ်ခဲ့ရတာချည်းပါပဲ။ မပေးဆပ်ဘဲနဲ့တော့ ဘာမှမရနိုင်ဘူးပေါ့။ ပေးဆပ်ပြီးတော့တောင်မှ မရခဲ့တာတွေ အများကြီးပါ။ အတွေ့အကြုံတစ်ခုတိုင်း၊ စွန့်လွှတ်မှုတစ်ခုတိုင်းအပေါ်မှာ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် ဖြစ်မလာနိုင်ခဲ့တာကို ပြောတာပါ။

ဒါကလည်း မဆန်းလှပါဘူးလေ။ အနုပညာသမားတစ်ယောက်ဟာ အရာရာကို အရှုံးအမြတ်သဘော တွက်ချက်လို့တော့ မရနိုင်ဘူးပေါ့။ တကယ်တမ်း အရှုံးအမြတ်တွက်ချက်ကြမယ်ဆိုရင်တောင် ကျွန်တော်တို့မှာ အမြတ်ထက် အရှုံးဘက်ကသာ အမြဲတမ်းလို ရပ်တည်ခဲ့ရသူတွေပါ။

ခေတ်သစ်ဝတ္ထုတိုသမားတွေအပေါ် ကျွန်တော်လေးစားယုံကြည်မိတာ အဲဒီအချက်လည်းပါတယ်။ မိမိကိုယ်တိုင် သို့မဟုတ် မိမိတွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတစ်ခု၊ ဘဝတစ်ခုဟာ ဝတ္ထုတစ်ပုဒ်စာ ဖြစ်မလာဘဲ ဝတ္ထုထဲက စာကြောင်းတစ်ကြောင်းပဲ ရနိုင်ခဲ့တယ်။ သာမန်ဝတ္ထုတွေထဲက အစနဲ့အဆုံးပါတဲ့ အဖြစ်အပျက်တစ်ခုဟာ ခေတ်သစ်ဝတ္ထုတိုသမားတစ်ယောက်အဖို့တော့ စာကြောင်းတစ်ကြောင်းလောက်ပဲ ရနိုင်ခဲ့တာတွေ အများကြီးပါ။ အဲဒီလို စာကြောင်းမျိုးတွေ အများကြီးနဲ့ ဆက်စပ်ဖွဲ့စည်းထားရတဲ့အတွက် ခေတ်သစ်ဝတ္ထုတိုတစ်ပုဒ်ဆိုတာ အတွေ့အကြုံတွေ အများကြီး၊ အဖြစ်အပျက်တွေ အများကြီး၊ ဘဝတွေ အများကြီးနဲ့ ပေးဆပ်ရင်းနှီးခဲ့ရတဲ့ အရာပါ။



စာမျက်နှာ သုံးလေးရာစီလောက်နဲ့ အတွဲသုံးတွဲလောက် ခွဲထုတ်နိုင်မယ့် ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိဟာလည်း ကျွန်တော့်အဖို့တော့ ပြက်လုံးတစ်ခုလောက် ကောင်းကောင်းရလိုက်တယ်ဆိုရင်ကိုပဲ အမြတ်အစွန်းကြီးမားလှပါပြီ။

ဝတ္ထုတိုင်းဟာ ကျွန်တော့်ရင်ကို ထိခိုက်ကြေကွဲစေပြီးမှ ရခဲ့တာချည်းပါပဲ။ ဒါပေမယ့် ဝတ္ထုတိုင်း ဝတ္ထုတိုင်းမှာတော့ ကြေကွဲမှုအသွင်ကို ဆောင်မနေပါဘူး၊ တချို့ဝတ္ထုတွေမှာ ကြေကွဲမှုဟာ ပြောင်လှောင်သရော်တဲ့အသွင်ကို ဆောင်နေမယ်။ တချို့ဝတ္ထုတွေကျတော့ ကြေကွဲခြင်းဟာ ထုံထိုင်း အ,နမှုနဲ့ နောင်တတရားတွေ၊ သံဝေဂတရားတွေရဲ့ အသွင်ကို ဆောင်နေမယ်၊ တစ်ခါတလေကျတော့ ကြေကွဲခြင်းဆိုတာ ကိုယ့်ကိုယ်ကိုယ် လှောင်ပြောင်သရော်ခြင်းပါပဲ။

အခြားလူတွေကို လှောင်ပြောင်သရော်နိုင်ဖို့ အကောင်းဆုံးပြက်လုံးဆိုတာ မိမိကိုယ်တိုင်ရဲ့ မိုက်မဲမှုကြောင့် ခံစားလာရတဲ့ ကြေကွဲမှုကို လိမ္မာပါးနပ်စွာ အသွင်ပြောင်းထားတာပဲ မဟုတ်လား။

ဘဝဆိုတာကကော၊ အချိန်ဆိုတာကကော၊ စည်းစိမ်ဥစ္စာဆိုတာကကော… ကျွန်တော်တို့ အိတ်ကပ်ထဲမှာ ထည့်ပြီး ကျွန်တော်တို့ကိုယ်တိုင် ပိုင်ဆိုင်ခွင့်မရတဲ့ အရာတွေပါ။ ကျွန်တော်တစ်ယောက်တည်းမှ မဟုတ်ပါဘူး၊ အနုပညာသမားတိုင်းဟာ ဒီအရာတွေကို အဆုံးရှုံးခံပြီးမှ သူတို့ရဲ့အနုပညာတွေကို ဖန်တီးနေကြရတဲ့သူတွေချည်းပါ။

**သွယ်အောင်**





## အခြေခံစားသောက်ကုန်များကို ပြည်သူများထံသို့ သက်သာသောဈေးနှုန်းဖြင့်အပတ်စဉ် ရောင်းချပေးလျက်ရှိ

**အောင်လံ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ဦးဆောင်၍ ပြည်သူများ အစဉ်ပြေစေရန် အခြေခံ စားသောက်ကုန်နှင့် သားငါးများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ယမန်နေ့ နံနက် ၇ နာရီက တရော်ကုန်းရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ရောင်းချပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အောင်လံမြို့နယ် ကုန်သည်ကြီးများ အသင်းတို့က မြို့နယ်အတွင်းရှိ ပြည်သူများအား အခြေခံ စားသောက်ကုန်နှင့် သားငါးများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ၁၅အိတ်၊ ဆီ ၁ပိဿာလျှင် ငွေကျပ် ၇၀၀၀နှုန်းဖြင့် ၁၂၀ပိဿာ၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၃၀နှုန်းဖြင့် ၇၀၀လုံး၊ ကြက်သား ၁ပိဿာလျှင် ငွေကျပ် ၁၄၀၀၀နှုန်းဖြင့် ၂၀ပိဿာ၊ ဝက်သား ၁ ပိဿာလျှင် ငွေကျပ် ၁၂၀၀၀နှုန်းဖြင့် ၁၅ပိဿာ၊ ဆိတ်သား ၁ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ အမဲသား ၁ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ စသည့်အခြေခံစားကုန်နှင့်သားငါးများကို သက်သာသော ဈေးနှုန်းဖြင့် အပတ်စဉ် စဉ်ဆက်မပျက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများဆောင်ရွက်ပေး

**သရက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှူးကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကျန်းမာရေး စစ်ဆေးရန်လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကိုအခမဲ့ စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**






## တရားအားထုတ်ကြပါစို့

- ဆံပင်နက်တွင် ဆံဖြူဝင်
  သေမင်းအလံတင်
  ပါးရည်နားရည် တွန့်ကာရွဲ
  အိုမင်း ယိုယွင်း လာပြီပဲ။
- မျက်စိတွေက မှုန်ဝါးဝါး
  တိမ်သလ္လာတွေက ဖုံးလို့ထား
  နားတွေက ထိုင်း ခါးက ကိုင်း
  ထုံထိုင်းလက်ခြေ မသွက်ပေ။
- သွားတွေကျိုးလို့ ပါးချောင်ကျ
  ဇရာ သရုပ်ပြ။
  ဇရာလွန်မြောက် မရဏရောက်
  သေတွင်းထဲသို့ တောက်လျှောက်ပေါက်။
- မရဏသို့ မရောက်ခင် တရားရိက္ခာပြင်
  ပြင်ဆင်ချိန်ရ ကြိုးစားမှ
  ရှစ်ပါးမဂ္ဂင်ရ။
- ရှစ်ပါးမဂ္ဂင်တွဲ၍ဆင်
  မဂ္ဂင်ဖောင်အသွင်
  မဂ္ဂင်ဖောင်ကြီးရအောင်စီးဖို့
  ဝိပဿနာတရား
  ပွားများအားထုတ်ကြပါစို့။ ။

**မြကေခိုင်**

## အလက ဖလံရုံကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မင်းဘူး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အလက ဖလံရုံကျောင်း၌ ယမန်နေ့ နံနက်က ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က လူငယ်စကားဝိုင်းကျင်းပပေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ပြောကြားသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား၊ကျောင်းသူ ၅ဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့်နည်းပညာ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၅၀၄)





## ရုပ်ရှင်ကမ္ဘာ

## "Mana Man"

ရုပ်ရှင်ချစ်ပရိတ်သတ်တွေအတွက် ဒီတပတ်မှာတော့ ပေါ့ပေါ့ပါးပါးနဲ့ ရယ်စရာကောင်းတဲ့ ထိုင်းရုပ်ရှင်ဇာတ်ကားတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် Mana Man ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

ဇာတ်ကားထဲမှာ နာမည်ကြီး ထိုင်းရုပ်ရှင်သရုပ်ဆောင် Snap chat Siangsomboon နဲ့ နာမည်ကြီး သရုပ်ဆောင်များ စွာပါဝင် ရိုက်ကူးထားတဲ့ ဟာသဇာတ်ကားကြီး ဖြစ်ပါတယ်။




Mana ဆိုတဲ့ကောင်လေးတစ်ယောက်က သဘောကောင်း အလုပ်ကြိုးစားသလောက် ဘာမှ သေချာမဖြစ်ထွန်းဘူး။ ကံတရားက ဒီလိုမျက်နှာသာမပေးတဲ့အပြင်မှာမှ သူငယ်ငယ်က အနိုင်ကျင့်ခဲ့ဖူးတဲ့သူ တစ်ယောက်က ပါလာပြီး လက်စားချေနေဝင့်ယှက်နေတဲ့အခါ Mana ဟာ သူ့မိတ်ဆွေ၊ မိသားစုနဲ့ သူ့စိတ်ရင်းကောင်းတာတွေ အသုံးချပြီး ပိုကောင်းတဲ့လူတစ်ယောက် ဖြစ်လာအောင် အခက်ခဲတွေ ကျော်လွှားနိုင်အောင် ဟာသအရောလေးတွေနဲ့ ရိုက်ကူးပုံဖော်ထားတဲ့ Mana man ရုပ်ရှင်ဇာတ်ကားကြီးကို သွားရောက်ကြည့်ရှုနိုင်ပါပြီ။

ထိုင်းဟာသဇတ်ကားတွေကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက် "Mana Man" ဇတ်ကားကြီးကတော့ ပေါ့ပေါ့ပါးပါးနဲ့ ကြည့်ရှုဖို့ကောင်းတဲ့ ဇာတ်ကားဖြစ်ပြီး မန္တလေးမြို့မှာဆိုရင်တော့ Mingalar Cinema Central point, Mingalar Masoeyein Complex ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

**ရွက်နုဝေ**

## သတင်းပဒေသာ

### နယ်လှည့်အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ နယ်လှည့်အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက စဥ့်ဝင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း(နောင်ခမ်း)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက အဆိုပါကျောင်းရှိ ပြည်သာနိုင်ခမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဆင်သေချောင်း ရေတိုက်စားခြင်း စစ်ဆေး

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးရှိ ဆင်သေချောင်း ရေတိုက်စားခြင်းအား ယမန်နေ့ မွန်းလွဲပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျောင်းသားများအား ကြက်သားဆန်ပြုတ် တိုက်ကျွေး

ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ ကာယ၊ ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အာဟာရဖွံ့ဖြိုးစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ(ဈေးတန်း)၌ ကျောင်းသား၊ ကျောင်းသူများအား ကြက်သားဆန်ပြုတ်တိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် ပန်းချီပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပန်းချီပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွန်းလှမြို့၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**ကျွန်းလှ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် သံဃာတော်များအား ယနေ့ နံနက် ၇ နာရီက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။



သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၌ ဝါတွင်းကာလသီတင်းသုံးတော်မူသော စာချ၊ စာသင်သံဃာတော်များအား မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများလောင်းလှူကြသည်။

ထို့အပြင် သံဃာတော်များဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်အတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ရပ်ဝေးရပ်နီးအလှူရှင်များက အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ အလှည့်ကျဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲပြုလုပ် စားသုံးဆီများ ထောက်ပံ့

**ပျော်ဘွယ် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်၊ နယ်မြေစခန်းများမှ မီးသတ်တပ်ဖွဲ့များနှင့်မိသားစုဝင်များ တွေ့ဆုံဆွေးနွေးခြင်း၊တပ်ဖွဲ့ဝင်မိသားစုများအား စားသုံးဆီများထောက်ပံ့ပေးအပ်ပွဲအခမ်းအနားပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးဦးကျော်မျိုးက ရှေ့လုပ်ငန်းစဉ်များနှင့်မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကိစ္စရပ်များအတွက် ဆွေးနွေးခဲ့ပြီး ပတ္တမြားမြင့်မိုရ်စားသုံးဆီရောင်းဝယ်ရေး(မိသားစု)မှ လှူဒါန်းသည့် စားသုံးဆီများအား တပ်ဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၅၇)

## မန္တလေးတိုင်းဒေသကြီးခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ ရာထူးတိုးမြှင့်သူအား ချီးမြှင့် စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး ဩဂုတ် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာနမီးသတ်ဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊တိုင်းဒေသကြီး၊ခရိုင်နှင့်မြို့နယ်မီးသတ်စခန်းများမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ တွေ့ဆုံပွဲ၊ရာထူးတိုးမြှင့်ခံရသူအား ချီးမြှင့်ပွဲနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်းတို့က တိုင်းဒေသကြီး၊ မြို့နယ်နှင့် ဗဟိုမီးသတ်စခန်းမီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်း အမြန်လမ်းနယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား ဆီ ၅၀ ကျပ်သားနှင့်ကြက်ဥ ၁၀ လုံး စားသောက်ကုန်များကိုလည်းကောင်း၊မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကိုကိုက Set TopBox(၄)လုံးကို မြို့နယ်မီးသတ်စခန်းများသို့လည်းကောင်း၊ တိုင်းရုံးအဖွဲ့မှ မီးသတ်တပ်ကြပ်ရာထူးမှ မန္တလေးခရိုင်စခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် မီးသတ်တပ်ကြပ်ကြီးထက်ဝေအောင်အား ငွေကျပ်နှစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၄၅)






## ကြက်မောက်တောင်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် စိုက်ပျိုးရေဖြန့်ဝေပေးနေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင် ဌာနဆိုင်ရာများသည် ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီက ကြက်မောက်တောင်ရေလှောင်တမံသို့ရောက်ရှိ၍ ကြက်မောက်တောင် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကြက်မောက်တောင်ရေလှောင်တမံသို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်ဆွေဝင်းက ၂၀၂၄ ခုနှစ် မိုးရာသီကာလ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် လက်ဝဲမြောင်းမကြီး၊ လက်ယာ မြောင်းမကြီး တို့မှတစ်ဆင့် ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများ၊ မြောင်းပြင်ဆင်ထိန်းသိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ကြက်မောက်တောင် ရေလှောင်တမံအတွင်း (၂၃-၈-၂၀၂၄) ရက်အထိ ရေမှတ်(RL) ၉၂၃ ဒသမ ၃ ရှိ၍ ရေဝင်ရောက်မှုမှာ ဧကပေ ၄၈၇၁၅ ဧကပေ ရှိကြောင်းနှင့် အသုံးပြုနိုင်သော ရေပမာဏမှာ ၄၅၆၁၅ ဧကပေ ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် လက်ဝဲမြောင်းမကြီးမှ မိုးသီးနှံ စိုက်ဧက ၂၈၀၀ နှင့် လက်ယာမြောင်းမကြီးအတွင်းရှိ မိုးစပါး စိုက်ဧက ၁၂၀၀ စုစုပေါင်း စိုက်ပျိုးဧက ၄၀၀၀ ကို ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၅၆)**



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရွှေစံကိုင်းရပ်ရှိ ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းသို့ ဩဂုတ် ၂၃ ရက်က ကိုမျိုးမြင့်အောင်၊ မမိုးကြည်သာ SKY MOBILE မိသားစုက သမီး မမေမြတ်နိုးစံ ရက်(၁၀၀)ပြည့်မွေးနေ့အလှူအဖြစ် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။**

(၀၇၀)

# တာဝန်ထမ်းဆောင်ကြသည့် ဆိုရာဝယ်

နိုင်ဗလ

(၁၀-၈-၂၀၂၄) စာမျက်နှာ-၁၇ မှအဆက်

ပြင်ဦးလွင်နှင့် ကင်းတားဆည်တို့မှ ပြန်ခဲ့ပြီး မိမိအလယ်တန်းရှေ့ဆောင်လူငယ်ဘဝက သင်တန်းဆင်းပွဲအပြီး လေ့လာရေးခရီးသွားရောက်ခဲ့သည့် သံပွစက်ရုံကို ယခု ထပ်မံရောက်စဉ်ကနှင့် နှိုင်းယှဉ်ကြည့်မိသည်။ နိုင်ငံခြားငွေများစွာ ရှာဖွေပေးသည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်သော စက်ရုံကြီးတစ်ရုံဖြစ်ကြောင်း ပို၍ ပို၍ သိမြင်လာခဲ့သည်။ စက်မှု၊ လက်မှုလုပ်ငန်းများ စက်ရုံ၊ အလုပ်ရုံများ တိုးတက်ထွန်းကားလာမှ နိုင်ငံတော်တိုးတက်မည်။ စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်စွမ်းအားလိုအပ်သည်။ လျှပ်စစ်စွမ်းအားရရန်အတွက် သဘာဝက ပေးစွမ်းထားသော အရင်းအမြစ်ကို အသုံးချ၍ ဆည်တမံများမှ ရေအားလျှပ်စစ်ထုတ်ယူမည်။ ဆည်တမံမှ လှောင်ရေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တစ်နှစ်ပတ်လုံး လုပ်ဆောင်နိုင်မည်။ နိုင်ငံတော်၏ လိုအပ်ချက်၊ နိုင်ငံတော်၏ ဆောင်ရွက်နေမှု၊ သဘာဝ၏ အရင်းအမြစ်များဆိုင်ရာ ဗဟုသုတ၊ သဘာဝအရင်းအမြစ်ကို စွမ်းအင်အဖြစ် အသုံးချမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအကြောင်းကို လေ့လာရေး ခရီးတွင် များစွာအသိတိုးခဲ့သည်။ သဘာဝ ဝန်းကျင်တောများ၏ အရေးပါပုံကိုလည်း သိရသည်။ အကျိုးများသော လေ့လာရေးခရီးစဉ်အဖြစ် အသိအမှတ်ပြုမိသည်။

အပြန်ခရီးစဉ်တွင် အတွေးစများ များစွာပါလာခဲ့သည်။ မိမိတပ်ခွဲတွင် အလှည့်ကျ တပ်စိတ်မှူးတာဝန်ပါ ထမ်းဆောင်ရသောနေ့ ဖြစ်သည်။ လုံခြုံရေး လိုက်ပါလာသော ပြည်သူ့ရဲတပ်ဖွဲ့ဝင်နေမကောင်းသဖြင့် ထိုရဲတပ်ဖွဲ့ဝင်ထမ်းဆောင်ရမည့်တာဝန်၊ မိမိ၏ကိုယ်စီတာဝန်အပြင် ဆရာများက ယုံကြည်စွာပေးအပ်ထားသည့် လုံခြုံအေးချမ်းစွာ စခန်းသို့ ပြန်လည်ရောက်ရှိရေးတို့ကိုပါ တစ်ပြိုင်တည်း ထမ်းဆောင်ခဲ့ရသည်။ မိမိတတ်စွမ်းသမျှကို သတိကြီးစွာဖြင့် ကျေကျေနပ်နပ် ထမ်းဆောင်ခဲ့သော်လည်း မိမိတက်ချင်လှသော စစ်တက္ကသိုလ်မှ သူငယ်ချင်းများကိုမြင်၍ စိတ်မကောင်းဖြစ်မိခြင်းကြောင့်လား၊ မိမိမတက်ရ၍ မချင့်မရဲဖြစ်ရခြင်းလားမသိ၊ ရင်ထဲတွင် အမည်မဖော်နိုင်သော ခံစားမှုတစ်မျိုး ငြိတွယ်၍ ပါလာသလို ခံစားရသည်။ မိမိလက်ထဲမှ ကိုင်ဆောင်ထားသောလက်နက်ကို ပွတ်သပ်ကြည့်နေမိသည်။ အချိန်ပိုင်းကိုင်တွယ်၊ အချိန်ပိုင်းတာဝန်ယူ၊ မိမိအဖွဲ့အစည်းအစုလေးအတွက်ပင် မိမိသတိကြီးစွာ စိတ်ပင်ပန်းစွာ တာဝန်ယူခဲ့ခြင်းပါတကားဟု တွေးမိသည်။ သူငယ်ချင်းများက နိုင်ငံတော်၏ ပေးအပ်သောတာဝန်များကို အသက်ပေး၍ လက်နက်ကိုင်တာဝန်ထမ်းဆောင်ကြရတော့မည်။ အားကျခြင်းနှင့် စိတ်မကောင်းခြင်းအပြင် မိမိ၏ အချိန်ပိုင်းတာဝန်ယူနိုင်မှုအပေါ်တွင်လည်း ဂုဏ်ယူစိတ်ဖြစ်ပေါ်လာမိသည်။ နိုင်ငံအတွက် အဆင့်ဆင့် မြင့်မားသောတာဝန်များကို ထမ်းဆောင်နိုင်ရန် ကြိုးစားမည်ဟူသောစိတ် ဝင်ခဲ့သည်။ ဤသို့ဖြင့် တောစခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြန်သည်။

နောက်တစ်နေ့ နံနက်တန်းစီချိန်တွင် စခန်းမှူးက "လုပ်အားပေးကာလ ပြီးဆုံးရန် ရက်နီးလာပြီဖြစ်၍ အထိအခိုက်ရှနာများ မဖြစ်အောင် ဂရုပြုရန်၊ အန္တရာယ်ကို စုပေါင်းကာကွယ်ရန်၊ အချင်းချင်း ညီညွတ်ရိုင်းပင်းရန်" မှာကြားခဲ့သည်။ လုပ်အားပေးကာလ ကုန်ဆုံးတော့မည်ဆိုသည့်အသိကြောင့် အားလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်။ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်မိကြသည်။ ယခင်လို စနောက်၊ ပျော်ရွှင်၊ ယှဉ်ပြိုင်လိုသောအကြည့်များနှင့်မဟုတ်၊ အတူတကွနေထိုင်သွားလာလုပ်ကိုင်ရင်း ဖြစ်တည်လာသော ရင်းနှီးကျွမ်းဝင်မှုများ၊ ခင်မင်မှုများ၊ သံယောဇဉ်များသည် မသိမသာမှ သိသိသာသာ ရစ်ပတ်နှောင်ဖွဲ့လာပြီဆိုသည်ကို ဖော်ပြသော အကြည့်များနှင့် ဖြစ်သည်။ လုပ်ငန်းခွင်သို့ ထုံးစံအတိုင်းသွားသည်။ သို့သော် ယနေ့တွင် ခွဲခွာချိန်နီးပြီဆိုသောစကားကြောင့် တိတ်ဆိတ်စွာဖြင့် လုပ်ငန်းခွင်ရှိရာ တောတွင်းဝင်ခဲ့ကြသည်။ ရှေ့တွင် တက္ကသိုလ်အမှတ်(၁)မှ ကိုစောအောင် ဓားကိုမြေတွင်ထောက်ရင်း စိန်းစိန်းကြည့်ကာ ရပ်စောင့်နေသည်။ ပေါက်ပြားထမ်းထားသော ကျွန်တော်က သူ့ရှေ့တွင် ရပ်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် စူးစူးစိုက်စိုက်ကြည့်ရင်း အသက်ရှူမြန်လာသည်။ ဘေးမှ သူငယ်ချင်းလှသူနှင့်အဖွဲ့များကလည်း ရပ်၍ ငြိမ်သက်စွာ ကြည့်နေကြသည်။ ရောက်စကတည်းက သိပ်မတည့်၊ လုပ်အားလည်း ပြိုင်ဘက်ဖြစ်ကြသည့်ကျွန်တော်တို့ မကြာခဏ စကားစစ်ထိုး၊ လုပ်အားယှဉ်ပြိုင်ရင်း လက်ရုံးချင်း ယှဉ်လုလုဖြစ်ကြသည့် ကျွန်တော်တို့နှစ်ဖွဲ့ကို တပ်ခွဲမှ ရဲဘော်၊ ရဲမေအားလုံး ဝိုင်း၍ ငြိမ်သက်စွာကြည့်နေကြပြီ။ ကိုစောအောင် အံကြိတ်၍ လက်သီးကို ကျစ်ကျစ်ပါဆုပ်သည်။ ကျွန်တော်လည်း အံကြိတ်၍ လက်ထဲမှ ပေါက်ပြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ကြည့်နေကြသည်။ ထိုကာလတိုကလေးတွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသလို ခံစားမိသည်။ ကျွန်တော်က "ဟိတ်လူ" ဟု ရင်ခေါင်းသံဖြင့် အော်ရင်း ညာလက်ကို ရှေ့သို့ ထုတ်လိုက်သည်။ ကိုစောအောင်က "အေးဒါပဲကွ" ဟု အော်၍ ဓားကိုလွှတ်ချကာ ကျွန်တော့လက်ကို အားဖြင့်ဆုပ်ကိုင်၍ ပခုံးကို အပြန်အလှန် ဖက်လိုက်ကြသည်။ "ဒို့ညီအစ်ကိုတွေ ကြိုးစားကြစို့" ဟု ကိုစောအောင်က ငိုသံပါကြီးဖြင့် အော်လိုက်သည်။ အားလုံး "ဟေး" ကနဲအော်၍ လက်ခုပ်တီးကြသည်။ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် ဖက်ကြသည်။ မြေပေါ်ဆွဲလှဲကြသည်။ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကြပြီး ခုန်ပေါက်ကြသည်။ သနပ်ခါးပါးကွက်ကျားနှင့် ကျော်ဦးကို ဖက်နမ်းကြသည်။ မြစိုးအောင်လည်း ပါးကွက်နှင့်ဖြစ်သည်။ သူ့ကိုလည်း ဖက်နမ်းကြသည်။ မျက်ဝန်းတွင်တော့ မျက်ရည်စများနှင့်ဖြစ်သည်။ မိန်းကလေးအဖွဲ့ကတော့ ထိုင်၍ ငိုနေကြသည်။ ထိုကာလတွင် အားလုံး၏ စိတ်ထဲ၌ ခေတ္တမျှ ရူးသွပ်သွားသည်ဟု ဆိုနိုင်သည်။ ရင်ထဲတွင် ငုပ်နေသော အချင်းချင်း ချစ်ခင်တွယ်တာမှုများ ပွင့်ထွက်သွားကြခြင်း ဖြစ်သည်။ မချိုတူး၏ အသံစူးစူး ထွက်ပေါ်လာသည်။ "ခုကစပြီး အားလုံးညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နေကြမယ် ဟေ့" တဲ့…။ ထိုနေ့က အလုပ်ခွင်အတွင်း တစ်ယောက်နှင့်တစ်ယောက် စနောက်ရင်း ပျော်မဆုံးကြ၊ အားသွန်ခွန်စိုက် ကြိုးစားအလုပ်လုပ် ကြသည်။ လက်ဖဝါးများတွင် သွေးချင်းချင်း နီသည်အထိ…။ အပြန်တွင် လူငယ်တေးနှင့် စစ်ချီတေးများ သံပြိုင်ဆိုရင်း ဘယ်ညာနင်းကာ ပျော်ရွှင်ကြည်လင်စွာဖြင့် နားခိုရာ စခန်းသာသို့ ….။ ။

(ဆက်လက်ဖော်ပြပါမည်။)

# Tik Tok က ပေးတဲ့ ပိုးဟပ်ပြေးနည်း

ကျွန်တော်နေထိုင်ရာ တိုက်ခန်းမှာ ပိုးဟပ်တွေ အလွန်ပေါပါတယ်။ အိပ်ခန်းထဲမှာရော၊ မီးဖိုချောင်၊ ရေချိုးခန်းနဲ့ အိမ်သာပါမကျန် ပိုးဟပ်တွေက နေရာတကာမှာ သောင်းကျန်းနေပါတယ်။ ဗီရိုအထဲထိအောင်ဝင်ပြီး ဥတွေဥ၊ အဝတ်အစားတွေကို ကိုက်လိုက်ကိုက်၊ ဟိုပျံ၊ သည်ပျံနဲ့ မျက်စိနောက်စရာ ကောင်းလှပါတယ်။ အစားအသောက်ဆိုလည်း အပြင်မှာ ဘာမှထားလို့မရပါဘူး။ ထားလိုက်ရင် ပိုးဟပ်တွေက တက်နှိုက်စားတော့တာပါပဲ။

တစ်ရက်ကျတော့ အကြံရတာနဲ့ အရက်ပြန်တစ်ဘူး သွားဝယ်ခဲ့ပါတယ်။ အရက်ပြန်ကိုဘူးထဲထည့်ပြီး ပိုးဟပ်တွေရှိတဲ့နေရာတွေကို လိုက်ဖျန်းကြည့်ပါတယ်။ ဖျန်းတဲ့အချိန်ပဲ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားပါတယ်။ မကြာပါဘူး။ ခဏနေတော့ ပြန်ရောက်လာပါတော့တယ်။ အင်း… ဒါလည်း အလုပ်မဖြစ်ပါလား။

နောက်တစ်ခါ ဒက်တောဝယ်ပြီး ဖျန်းကြည့်ပါတယ်။ တစ်အိမ်လုံး အနံ့တွေ မွှန်ထူပြီး အသက်ရှူတွေသာကြပ်သွားတယ်။ ကိုယ်တော်ချောတွေကတော့ မပြေးရေးချမပြေး၊ မသေရေးချမသေပါ။ အင်း…ဒါလည်း အလုပ်မဖြစ်ပြန်ဘူး။

နောက်ဆုံး ကြွပ်ကြွပ်အိတ်ကို လက်မှာစွပ်၊ နံရံတွေမှာကပ်နေတဲ့ ပိုးဟပ်တွေကိုဖမ်း၊ ပြတင်းပေါက်က ပစ်ချတဲ့ နည်းလမ်းကို အသုံးပြုကြည့်ပါတယ်။ လူပင်ပန်းတာပဲ အဖတ်တင်ပါတယ်။ သကောင့်သားတွေကတော့ လျော့သွားတယ်ကို မရှိပါဘူး။ ပိုတောင်များလာတယ် ထင်တာပါပဲ။

တစ်ရက် ည ၈ နာရီလောက်မှာ ကျွန်တော့်အမျိုးသမီးက **Tik Tok** ကြည့်နေရင်းက "ကိုရေ …ဒီမှာ ပိုးဟပ်ပြေးနည်းတဲ့"

"ဟေ…ဟုတ်လား…ဒါဆို သူပြောတာကို စာရွက်နဲ့လိုက်မှတ်ထားလိုက်။ ငါတို့ လက်တွေ့စမ်းကြည့်ရအောင်"

ကျွန်တော့်အမျိုးသမီးလည်း စာရွက်နဲ့ဘောပင်ယူပြီး **Tik Tok** က ပြောသမျှ လိုက်မှတ်နေပါတော့တယ်။ သူရေးမှတ်ပြီးတဲ့စာရွက်ကို ကျွန်တော့်ဆီ ပေးပါတယ်။ ဖတ်ကြည့်လိုက်တော့…

"အိမ်မှာ ပိုးဟပ်တွေများနေရင် ဒီနည်းလေးကို သုံးကြည့်ပါ။ ငွေကုန်ကြေးကျလည်း သက်သာပါတယ်။ ပိုးဟပ်တွေလည်း တကယ်ပြေးပါတယ်။ နည်းလေးကတော့ ဆပ်ပြာအမွှေးဆီရယ်၊ ဂွမ်းရယ်ပဲ လိုတာပါ။ ခွက်တွေထဲမှာ ဂွမ်းကိုလုံးပြီးထည့်၊ ပြီးရင် ဆပ်ပြာအမွှေးဆီကို ဂွမ်းပေါ်ကို လောင်းချပြီး ပိုးဟပ်ရှိတဲ့နေရာတွေမှာ ချထားပေးလိုက်ရုံပါပဲ။ ဆပ်ပြာအမွှေးဆီ ကုန်သွားရင် ထည့်ဖြည့်လိုက်ရုံပါပဲ"တဲ့။

"အေး…ငါတို့ အိမ်မှာ ဒီလောက် ပိုးဟပ်တွေများနေတာ စမ်းတော့ကြည့်ရမှာပဲ။ မနက်ဖြန်မင်း ဈေးသွားရင် ဆပ်ပြာအမွှေးဆီရယ်၊ ဂွမ်းရယ် ဝယ်ခဲ့ကွာ။ ပိုက်ဆံလည်း သိပ်ကုန်တာမှ မဟုတ်ဘဲ။ လုပ်ကြည့်ကြတာပေါ့"

နောက်တစ်နေ့ နံနက်မှာ အမျိုးသမီးက ဈေးက ဆပ်ပြာအမွှေးဆီနဲ့ ဂွမ်းတစ်ထုပ် ဝယ်လာပါတယ်။ ရောက်ရောက်ချင်းပဲ ခွက်တွေလိုက်ရှာ **Tik Tok** က နည်းလမ်းအတိုင်းလုပ်ပြီး ပိုးဟပ်ရှိတဲ့နေရာတွေမှာ ခွက်တွေကို လိုက်ချထားလိုက်ပါတယ်။ နေ့လယ်လောက်ကျတော့ ပိုးဟပ်တွေ အများဆုံးနေတဲ့ ရေချိုးခန်းနဲ့ အိမ်သာထဲကို ဝင်ကြည့်လိုက်တာ ပိုးဟပ်တစ်ကောင်တစ်မြီးမှ မတွေ့ရတော့ပါဘူး။

"ဟာ…**Tik Tok** က ပေးတဲ့နည်းက တယ် စွမ်းပါလား။ ငါတို့ကို နေ့စဉ်နေ့တိုင်း စိတ်အနှောင့်အယှက်ပေးနေတဲ့ကောင်တွေ လစ်ကုန်ပြီ။ လောလောဆယ်တော့ အဆင်ကတော့ ချောနေသား။ ဆက်တော့စောင့်ကြည့်ရဦးမှာပေါ့ကွာ။ အရက်ပြန်နဲ့ ဒက်တောဖျန်းသလို ခဏလောက်ပျောက်သွားပြီး ပြန်ရောက်လာရင် အခက်သားလားကွာ"လို့ ကျွန်တော့်အမျိုးသမီးကို ပြောလိုက်ပါတယ်။

သူကလည်း "အေးလေ…ဆက်တော့ စောင့်ကြည့်ရမှာပေါ့"တဲ့။

ညနေနဲ့ ညအထိ ဆက်တိုက်စောင့်ကြည့်နေလိုက်တာ ပိုးဟပ်တစ်ကောင်မှကို မတွေ့ရတော့ပါဘူး။ အိပ်ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်းနဲ့ အိမ်သာထဲမှာ ပိုးဟပ်ကင်းစင် တို့ပျော်ရွှင် ဖြစ်သွားပါပြီ။

**Tik Tok** ဆိုတာ **Cele** ဖြစ်ဖို့၊ နာမည်ကြီးဖို့၊ ဖျော်ဖြေဖို့၊ ပို့စ်တင်ဖို့၊ **Follower** များဖို့တင်မဟုတ်ဘဲ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးတွေကိုပါ မျှဝေပေးနေတဲ့ ဟင်းလေးအိုးကြီးလို့ ကျွန်တော်ကတော့ မြင်မိပါတယ်။ ဒါ့အပြင် တခြားပညာရစရာ၊ ဗဟုသုတရစရာတွေကိုလည်း **Tik Tok** မှာ မျှဝေပေးထားတာ တွေ့ရပါတယ်။ "သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေး"ဆိုတဲ့ စကားလည်းရှိတယ် မဟုတ်လား။ ချင့်ချင့်ချိန်ချိန် သုံးစွဲတတ်ဖို့တော့ လိုတာပေါ့။ ထားပါတော့….။

မိတ်ဆွေတို့ အိမ်တွေမှာလည်း ပိုးဟပ်တွေရှိနေရင် အထက်ပါနည်းလမ်းအတိုင်း လုပ်ကြည့်ကြပါလို့ စေတနာ၊ မေတ္တာရှေ့ထား၍ **Tik Tok** ကပေးတဲ့ ပိုးဟပ်ပြေးနည်းလေးကို မျှဝေရေးသားလိုက်ရပါတော့သည်။

အောင်မျိုးမြတ်(မန္တလေး)



## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၄**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြိုအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မိမိကျော်က အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုအကြား ဆက်နွှယ်မှုများ၊ အိုဇုန်းလွှာဆိုသည်မှာ အဘယ်နည်း၊ အိုဇုန်းလွှာနှင့် ရာသီဥတုပြောင်းလဲမှုတို့အကြား ဆက်နွှယ်မှုများ၊ အိုဇုန်းလွှာ ပျက်စီးရခြင်းအကြောင်းအရင်း၊ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာနေ့ ဖြစ်ပေါ်လာပုံ၊ စသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးမှတ်တမ်းစာအုပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပေးအပ်ရာ ပါမောက္ခချုပ်ဒေါက်တာ မြတ်မြတ်သော်ကလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေပေးအပ်ရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးကလည်းကောင်း လက်ခံပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## ဆန်ဆိုင်များ၌ သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဈေးအတွင်းရှိ ဆန်ဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဆန်ဆိုင်များအနေဖြင့် သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချမှု ရှိ၊ မရှိကို ဩဂုတ် ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



ဆန်ဆိုင်များ သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချရေး ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့်အဖွဲ့ဝင်(၂) ဦးသန်းဌေး၊ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးစိုး၊ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဝေယံငြိမ်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးကို၊ စားသုံးသူရေးရာဌာနမှ ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင်စိုးနိုင်၊ ပုဗ္ဗသီရိမြို့နယ် ဈေးစည်ပင်အဖွဲ့မှ ဦးစိုးသီဟနှင့်အဖွဲ့ဝင် ငါးဦး၊ ကျည်တောင်ကန်အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့်အဖွဲ့ဝင် ခြောက်ဦး၊ ကျည်တောင်ကန်အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်နှင့်အဖွဲ့ဝင် သုံးဦးတို့ ပူးပေါင်းအဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဈေးနှင့်ရပ်ကွက်များမှ ဆန်ဆိုင်များအား ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချသွားရန်၊ ဈေးနှုန်းကတ်များထားရှိရန်နှင့် ဆန်စက်များမှ ဆန်ဝယ်ယူခဲ့သည့် ဘောက်ချာများတွင် ရည်ညွှန်းဈေးမှန်ကန်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ပွင့်ဖြူ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာပေအသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘက်စုံထူးချွန်ထက်မြက်သော လူတော်၊ လူကောင်းများဖြစ်လာစေရန် အားလပ်ချိန်များတွင် ကျောင်းစာအပြင် မိမိဘဝအတွက် အသိပညာဗဟုသုတရရှိစေမည့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ဖတ်ရှုကြစေလိုကြောင်း၊ "စာအုပ်၊ စာပေ လူ့မိတ်ဆွေ" ဆိုသည့် စကားအတိုင်း စာပေလေ့လာဖတ်ရှုခြင်းသည် မိမိဘဝအတွက် မိတ်ဆွေကောင်းရရှိခြင်းပင်ဖြစ်၍ စာများများဖတ်ကြစေလိုကြောင်းနှင့် မိမိတို့ဌာနက ပြည်သူများ စာပေအသိပညာဗဟုသုတကြွယ်ဝစေရန် အသိပညာပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များကို ဖတ်ရှုခဲ့ကြပြီး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## အမှတ်( ၂ ) ခရိုင်ချင်းဆက်လမ်းတွင် ခံနိုင်ဝန်အားကောင်းမွန်စေမည့် RCC Culvert (၃)စင်း ဆောက်လုပ်ပေး

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသအတွင်း ကုန်စည် စီးဆင်းမှု မြန်ဆန်စေရေး ကျောက်ဆည်ခရိုင်အတွင်းရှိ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းတွင် ခံနိုင်ဝန်အား ကောင်းမွန်စေမည့် RCC Culvert (၃)စင်း ဆောက်လုပ်ပေးလျက်ရှိသည်။



ခံနိုင်ဝန်အားကောင်းမွန်စေမည့် RCC Culvert များကို မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် (၈၇ ဒသမ ၅၀၀)သန်း အကုန်အကျခံကာ ဝဏ္ဏကျော်ကုမ္ပဏီမှ တာဝန်ယူ၍ (၁ဒသမ၅၂မီတာ× ၁ဒသမ၅၂မီတာ× ၁၂ဒသမ၁၉မီတာ)ရှိ RCC Culvert များ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် RCC Culvert များကို အမှတ်(၂)လမ်း၏ ၄၇ကီလိုမီတာနှင့် ၄၉ ဒသမ ၇ ကီလိုမီတာ၊ ၇၁ကီလိုမီတာနှင့်၇၃ကီလိုမီတာအတွင်း ဆောက်လုပ်ပေးလျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်အချိန်နှင့်အရည်အသွေးပြည့်မီရေး မြို့နယ်လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

(ဝဲပုံ)

အမှတ်(၂)ခရိုင်ချင်းဆက်လမ်းသည် ကျေးရွာများမှ ထွက်ရှိသော ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို လွယ်ကူလျင်မြန်ချောမွေ့စွာသယ်ယူနိုင်ရေး ဖောက်လုပ်ထားသည့်လမ်းဖြစ်ကြောင်းနှင့် မြို့နယ်လမ်းဦးစီးဌာနအနေဖြင့် မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရေး ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အချိန်ကုန်သက်သာပြီး ကုန်ကျမှုစရိတ်သက်သာစေရန်နှင့် ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ သယ်ယူနိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(၄၈၅)

## ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သရက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေဖြူကျေးရွာအုပ်စု၊ မုဆိုးရင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက မုဆိုးရင်ကျေးရွာလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မုဆိုးရင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၂၁၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Chindwin Strategy ကုမ္ပဏီက ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက မုဆိုးရင်ကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်၊ လူဦးရေ ၃၇၅ ဦးတို့၏လယ်ယာမြေများမှထွက်ရှိသည့် ဒေသထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

ဆက်လူ

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရွှေဘို ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်အဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးကို ဩဂုတ် ၂၃ ရက် ညနေပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

ရွှေဘိုခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပြိုင်ပွဲတွင် ခေတ်ဟောင်း၊ ကာလပေါ်၊ မဟာဂီတ၊ အမျိုးဂုဏ် ဇာတိဂုဏ် မြှင့်မားရေး၊ အကပြိုင်ပွဲတွင် တပင်တိုင်အက၊ အတီးပြိုင်ပွဲတွင် စန္ဒရားပြိုင်ပွဲအမျိုးအစားများဖြင့် အခြေခံ၊ အဆင့်မြင့် ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌကိုယ်စား၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန့်ဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ တက်ရောက်လာကြသူများက ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးအကြံပြုခဲ့ကြပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌကိုယ်စား၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ)ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်-ပြန်/ဆက်)**






# မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ

**မန္တလေး ဩဂုတ် ၂၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးရုံး၊ ခရိုင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်အားကစားမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အားကစားကွင်း၊ အားကစားရုံများ အစဉ်သန့်ရှင်းသာယာရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ခရိုင်နှင့် မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ ကျင်းပရေးနှင့် ဝန်ထမ်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အားကစားမှူးများ၊ ဝန်ထမ်းများက အားကစားဆိုင်ရာများနှင့် ဝန်ထမ်းဆိုင်ရာများ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး) (AEDA -Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာ ဦးထွန်းဝင်းနိုင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းမှ ဦးဝင်းမင်းလှိုင်က မူးယစ်သမိုင်းကြောင်း၊ ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်ကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသားသူများအား ဦးဝင်းမင်းလှိုင်နှင့် ဒေါ်သင်းသင်းဦးတို့က မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသည့်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပြီး မူးယစ်ဆေးဝါးမသုံးစွဲစေရန် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးက သန္နိဋ္ဌာန်ရွတ်ဆိုကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၅၆)**



# ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲကျင်းပ

**သရက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် ကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သားဖွားဆရာမ ဒေါ်ငွေငွေဝင်းက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန် သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ပြောကြားပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၄)ဆင်းပွဲ ကျင်းပ

**ကလေး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ခံအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းသန့်ရှင်းသာယာလှပစေရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ဆရာ၊ ဆရာမများအား အခြေခံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်ဆရာများ လက်စွဲစာအုပ်များ ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကလေးမြို့၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းအား ဩဂုတ် ၁၉ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(မြို့နယ်-ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာရှိ အဆောက်အအုံများ ရှင်းလင်းဖျက်သိမ်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) တည်ဆောက်မည့် မြေနေရာ၌ အဆောက်အအုံ ဟောင်းများ ရှင်းလင်း ဖျက်သိမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) တည်ဆောက်မည့်မြေနေရာရှိ သစ်ပင်ကြီးများ ရှင်သန်ပေါက်ရောက်နေမှုအပေါ် မလွတ်ကင်းသည့်အပင်များ ဖယ်ရှားရှင်းလင်းနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားပြီး စာပေဗိမာန် စာကြည့်တိုက်အဖြစ် ပြန်လည်မွမ်းမံ ပြင်ဆင်ဆောင်ရွက်မည့် သုံးထပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကြံ့ခိုင်မှုရှိစေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

နိုင်ငံတော် အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့် အတွက် စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို ပြန်ကြားရေး ဝန်ကြီးဌာနကိုယ်စား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ် (၂၉ ၏တစ်စိတ်တစ်ဒေသ) အခမဲ့ မြေကွက်အမျိုးအစားဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်သွားမည် ဖြစ်သည်။

## တာဝန်ယူတွက်ချက်ပေး

စာဆိုဗိမာန် အဆောက်အအုံ ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အအုံ၏ ခန့်မှန်းတန်ဖိုးကို အဆောက်အဦဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးခဲ့သည်။



အဆိုပါ စာဆိုဗိမာန်တည်ဆောက်ရေးစီမံကိန်းကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ရန် ၁၈-၃-၂၀၂၄ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်း သဘောတူညီချက် (Project Agreement) ကို မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။

စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀ x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အအုံဖြစ်ပြီး ၅၂၁၂၈ စတုရန်းပေ ဖြစ်သည်။ စာဆိုဗိမာန် တည်ဆောက်ရေး စီမံကိန်း တိုးတက်ပြီးစီးမှုကို စောင့်ကြည့်ရန် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမှ တာဝန်ရှိသူများပါဝင်သည့် (Joint Project Monitoring Committee – JPMC) ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မည့် မြေနေရာနှင့် လွတ်ကင်းမှုမရှိသည့် အဆောက်အအုံဟောင်းလေးလုံးကို လေလံတင်ရောင်းချခဲ့ပြီး တင်ဒါအောင်မြင်သည့်အဖွဲ့က သတ်မှတ်ရက်အတိုင်း ဖျက်သိမ်းရှင်းလင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာဆိုဗိမာန်အဆောက်အအုံကို ၂ နှစ် စီမံကိန်းအဖြစ် သတ်မှတ်ပြီး စာဆိုဗိမာန် အဆောက်အအုံ သုံးထပ်(RC) တည်ဆောက်ရေး အတွက် ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်၍ တင်သွင်းလာခဲ့ရာ ယင်းတင်သွင်းလာသည့် ဈေးနှုန်းအဆိုပြုလွှာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ မကြာမီကာလတွင် အဆိုပါ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆောက်အအုံ တည်ဆောက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘရိုက်တန်တို့ နောက်ကျဂိုးဖြင့် မန်ယူကို နိုင်၊ လက်ရှိချန်ပီယံ မန်စီးတီးတို့ အစ်ဆွစ်ချ်ကို ဂိုးပြတ်အနိုင်ယူ

**မန်ချက်စတာ ဩဂုတ် ၂၄**

ပရီးမီးယားလိဂ်ပွဲစဉ် (၂) အဖြစ် ယနေ့ ညနေပိုင်းက ဘရိုက်တန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရိုက်တန်အသင်းက နောက်ကျသွင်းဂိုးဖြင့် မန်ယူအသင်းအား အနိုင်ရယူနိုင်ခဲ့သည်။

**ဘရိုက်တန် ၂ - ၁ မန်ယူ**

ယခုပွဲစဉ်တွင် ဘရိုက်တန်အသင်းက ခြေစွမ်းအသာဖြင့် ထိပ်သီးကလပ် မန်ယူအသင်းအား အကောင်းဆုံး ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး နိုင်ပွဲရယူကာ အောင်ပွဲခံနိုင်ခဲ့သည်။

ဘရိုက်တန်အသင်း အတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၂မိနစ်တွင် ဝဲလ်ဘတ်၊ နာကျင်အချိန်ပို (၉၀+၅)မိနစ်တွင် ဂျော်အိုပက်ဒရိက သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၆၀မိနစ်တွင် ဒီယာလိုက သွင်းယူပေးခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ၇ရီ ၃၀မိနစ်က လက်ရှိချန်ပီယံ မန်စီးတီးအသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက အစ်ဆွစ်ချ်အသင်းအား အိမ်ကွင်းတွင် ဂိုးပြတ် နိုင်ပွဲရယူနိုင်ခဲ့သည်။

**မန်စီးတီး ၄ - ၁ အစ်ဆွစ်ချ်**

လက်ရှိချန်ပီယံဆိုသည့်အတိုင်း မန်စီးတီးအသင်းသည် ယခုပွဲစဉ်တွင် တန်းတက် အစ်ဆွစ်ချ်အသင်းအား ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုး၊ တစ်ဂိုး ရလဒ် ရယူကာ နိုင်ပွဲရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၁၂ မိနစ်၊ ၁၆မိနစ်၊ ၈၈မိနစ်တို့တွင် ဟာလန်း၊ ပွဲချိန် ၁၄မိနစ်တွင် ဒီဘရိုင်းတို့က အသီးသီး သွင်းယူခဲ့သည်။ အစ်ဆွစ်ချ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၇မိနစ်တွင် ဆမ်ဒစ်က သွင်းယူပေးခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၂) ပွဲကစားအပြီးတွင် ၂ပွဲစလုံး အနိုင်ရရှိကာ အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်ခဲ့သည်။

အခြားပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီ ၃၀ မိနစ်က ကစားခဲ့သည့် ပွဲစဉ်များတွင် စပါးအသင်းက အဲဗာတန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက လက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ နော့တင်ဟမ်ဖောရက်စ်အသင်းက ဆောက်သမ်တန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဆက်လက်၍ ယနေ့ မြန်မာ စံတော်ချိန် ည ၁၁နာရီက အက်စတွန်ဗီလာအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းက အက်စတွန်ဗီလာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(နိုင်ကမ္ဘာ)**






# ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီ သရေကျ

**ရန်ကုန် ဩဂုတ် ၂၄**

Myanmar National League 2024-2025 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-8) ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ကစားခဲ့ကြပြီး တစ်ဂိုးစီ သရေကျခဲ့သည်။

နှစ်သင်းစလုံးသည် ပထမပိုင်းတွင် အမှားအနည်းဆုံးဖြစ်အောင် စောင့်ကြည့်ကစားသဖြင့် ဂိုးကန်သွင်းခွင့် အနည်းငယ်သာ ရခဲ့ကြသည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေဖြင့် ပြီးခဲ့သည်။

ဒုတိယပိုင်း စစချင်း နှစ်မိနစ်အကြာတွင် ရတနာပုံအသင်းမှ ဦးဆောင်ဂိုး စတင်ရခဲ့ပြီး တည်ငြိမ်မင်းက ကန်သွင်းပေးခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် ဒဂုံစတားယူနိုက်တက်အသင်းမှ ချေပဂိုးပြန်လည်ရခဲ့ပြီး ဆောင်လမန်က သွင်းယူပေးခဲ့သည်။

လက်ကျန်မိနစ်များတွင် ဂိုးထပ်မံမရခဲ့သည့်အတွက် တစ်ဂိုးစီ သရေဖြင့် ပြီးခဲ့သည်။

**(NGB)**